စိတ်တူးချိချိအနုပညာ


mgyoe.com

ဆွေမြင့်

# တစ်ယောက်တစ်လှည့်

# GAMES


HAL ELLSON




mgyoe.com

ဒုတိယအကြိမ်

mgyoe.com



# ဆွေမြင့်

## တစ်ယောက်တစ်လှည့်

## GAMES

HAL ELLSON

mgyoe.com

TRAN0001
3,500.00KS

mgyoe.com

တစ်ယောက်တစ်လှည့်၊ ဆွေမြင့်
စာမျက်နှာ ၂၃၉ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ · ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၁ ခုနှစ်၊ ရွှေထီးမိုးစာအုပ်ထုတ် ပထမအကြိမ်မှ

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com



# အခန်း [ ၁ ]

ဆိတ်ငြိမ်ရပ်ကွက်တစ်ခု ဖြစ်သည်။

အချိန်အားဖြင့် ညဥ့်ဦးယံ။

မြင့်မားထွားကျိုင်းသော ပေမီဒေါက်မီ မြင်းများ က,ထားသည့် ရထားတစ်စင်း လမ်းထဲသို့ဝင်လာသည်။ မြင်းခွာသံများက တိတ်ဆိတ်သော လမ်းထဲတွင် ပဲ့တင်ထပ်နေသည်။ လမ်းမီးတိုင်များအောက်မှ ဖြတ်မောင်းလာသည်။

မီးတိုင်တစ်တိုင်အောက်သို့ ရောက်သည့်အခါတိုင်း ရထားလုံးပေါ်တွင် လိုက်ပါလာသူ၏ မျက်နှာကို ဖျတ်ခနဲ မြင်ရလေ့ရှိသည်။

ထိုသူသည် မြို့စားကြီး ယာဘားဖြစ်သည်။

သူသည် ခံ့ညားသော ရှေးဟောင်း ဦးထုပ်မြင့်မြင့်ကြီးကို ဆောင်းထားသည်။ ရှည်လျား၍ အဖျားချွန်သော ကုတ်အင်္ကျီကို ဝတ်ဆင်ထားသည်။ အနက်ရောင် ဖဲသားဝတ်စုံကို ဆင်မြန်းထားသောကြောင့် မီးရောင်အောက်တွင် ပြောင်လက်နေသည်။ သူ၏ ရင်ဘတ်တွင် ဆုတံဆိပ်များကို တပ်ဆင်ထားသည်။

သူက ရွှေရောင်အစီခံနှင့် ရှုရှားဆေးလိပ်ကိုဖွာလျက် လိုက်ပါလာသည်။

"ဟိုး . . ."

ဟူသော မြင်းရထားမောင်းသူ၏အသံ ထွက်ပေါ်လာသည်။

မြင်းခွာသံများက ရပ်တန့်သွားသည်။ မြင်းရထား ရပ်လိုက်သောနေရာမှာ အညိုရောင်ကျောက်သားစိုင်တို့ဖြင့် တည်ဆောက်ထားသော အဆောက်အအုံကြီး တစ်ခုရှေ့တွင်ဖြစ်သည်။

mgyoe.com

 mgyoe.com


ထိုအဆောက်အအုံပုံစံသည် ၁၉ ရာစုနှစ်၊ ဝိတိုရိယခေတ်ဦးပိုင်း အသွင်သဏ္ဌာန်ကို ဖော်ပြလျက်ရှိသည်။ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာ အဆောက်အအုံတည်း။

"ရောက်ပါပြီ ခင်ဗျာ၊ ဒါလူကြီးမင်း မိန့်ကြားတဲ့ နံပါတ် ၁၄ ပါပဲ"

မြင်းရထားမောင်းသူက ရိုသေကျိုးနွံစွာ ပြောလိုက်သည်။

ထို့နောက် မြင်းရထားပေါ်မှ သွက်လက်စွာ ဆင်း၍ ဘေးဘက်ရှိ တံခါးလက်ကိုင်ကြေးကွင်းကို ဖွင့်ပေးသည်။

မြို့စားကြီးသည် ဣန္ဒြေသိက္ခာဖြင့် ရထားလုံးပေါ်မှ ဆင်းလိုက်သည်။

"နှစ်ဒေါ်လာခွဲ ကျပါတယ် ခင်ဗျာ"

မြင်းရထားမောင်းသူ၏ ပြောစကားကြောင့် မြို့စားကြီးက ကျသင့်ငွေထက်ပို၍ သုံးဒေါ်လာကို ထုတ်ပေးလိုက်သည်။

"အကြွေပြန်မအမ်းနဲ့။ ယူထားလိုက်တော့"

မြို့စားကြီးက တည်ငြိမ်စွာ ပြောလိုက်သည်။

ရထားလုံးမောင်းသူက လက်ဝါးနှစ်ဖက်ဖြန့်၍ ခံယူလိုက်သည်။

မြို့စားကြီးက အဆောက်အအုံကြီးဘက်သို့ မျက်နှာမူလိုက်သည်။

ရထားလုံး ပြန်လည် မောင်းထွက်သွားသောအခါတွင် မြို့စားကြီးသည် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာခဲ့ပြီး ခြံထဲသို့ ဖြတ်ကျော်ခဲ့သည်။

မြို့စားကြီးက အဆောက်အအုံကြီး၏ အိမ်ရှေ့ တံခါးမကြီးရှေ့တွင် ရပ်တည်လိုက်သည်။ တံခါးပေါင် ဘေးဘက်တွင် တပ်ဆင်ထားသော လျှပ်စစ်လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။

မြို့စားကြီးက ဘဲလ်မြည်သံ တိတ်ဆိတ်သွားသည်အထိ စောင့်ဆိုင်းနေသည်။ ပတ်ဝန်းကျင်ဘေးနှစ်ဖက်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထို့နောက် လျှပ်စစ် လူခေါ်ခေါင်းလောင်းကို ထပ်မံနှိပ်မည်အပြုတွင် အတွင်းဘက်မှ တံခါးရှက်ဆီသို့ လမ်းလျှောက်လာသော ခြေသံကို ကြားလိုက်ရသည်။ ခြေသံက အနည်းငယ်နှေးကွေးနေပုံရသည်။ ခြေသံရှင်မှာ ဝဝဖိုင့်ဖိုင့် တစ်ယောက် ဖြစ်လိမ့်မည်ဟု မြို့စားကြီးက သူ့ဟာသူ ကြိုတင် တွက်ကိန်းချထားသည်။

မကြာမီ တံခါးမင်းတုပ် ဖွင့်သံနှင့်အတူ တံခါးပွင့်သွားသည်။

mgyoe.com

မြို့စားကြီး မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာချေ၊ တံခါးဖွင့်သူ အမျိုးသမီးသည် အသက်အားဖြင့် ၂၀ ကျော်၊ ၃၀ အတွင်း ဖြစ်သည်။

"မင်္ဂလာညခင်းပါရှင်"

အမျိုးသမီး၏ နှုတ်ခွန်းဆက်မှုကို မြို့စားကြီးက ပြန်လည်၍ အရေးတယူ ပြောကြားခြင်း မရှိချေ။ ဧည့်ခန်းဆောင်ကြီးထဲသို့ ဖြတ်၍ လျှောက်ခဲ့သည်။

ဧည့်ခန်းဆောင်ကြီးထဲတွင် ဝိတိုရိယခေတ် အိမ်ထောင်ပရိဘောဂများကို ခင်းကျင်းထားသည်။

ရှေးဟောင်းပစ္စည်းတစ်ခုဖြစ်သော သုံးဖက်မြင် မှန်တင်ခုံတစ်ခုလည်း တွေ့ရသည်။

ရှေးဟောင်းပစ္စည်း အသုံးအဆောင်များထဲတွင် ထူးခြားသော ဆီရယ် ရုပ်တုတစ်ခုရှိသည်။

ရုပ်တုကို ကြည့်ရသည်မှာ လက်ရာမြောက်လွန်းလှသဖြင့် လူအစစ် တစ်ယောက် မျက်နှာဖြူဖပ်ဖြူရော်ဖြင့် ရပ်နေသည်ဟု ထင်ရသည်။ လက်နှစ်ဖက် ကို ရှေ့သို့ ဆန့်တန်းထားသည်။ ညာလက်ပေါ်တွင် ငွေလင်ပန်းတစ်ခုရှိသည်။ ငွေလင်ပန်းပေါ်တွင် စီးကရက်ဘူးနှင့် ရှေးဟောင်း ဓာတ်မီးခြစ်တစ်လုံး တင်ထား သည်။

မြို့စားကြီးသည် ပလတ်စတာရုပ်တုကြီးအား မျက်ခုံးနှစ်ဖက်ပင့်၍ ကြည့် လိုက်မိသည်။ ရုတ်တရက်အားဖြင့် ရောင်ပြန်အလင်းရောင်အောက်တွင် တကယ့် လူအစစ်ဟု မှတ်ထင်လိုက်မိသေးသည်။

မြို့စားကြီးက ဦးထုပ်ကိုချွတ်၍ သူ့နောက်မှ လိုက်ပါလာသော အမျိုးသမီး အား လှမ်းပေးလိုက်သည်။ အမျိုးသမီးက ရိုသေစွာ ယူထားလိုက်သည်။

"ကျုပ်လာတာ စောများနေလို့လား။ တခြားလူတွေ မရောက်ကြသေးဘူး ထင်တယ်"

"သူတို့အားလုံး ပြခန်းထဲကို ရောက်နေကြပါပြီရှင်။ ပြသမှုအစီအစဉ် စတင်နေပါပြီ"

သူမနှင့်အတူ မြို့စားကြီးက လိုက်ပါသွားသည်။

ပြခန်းဆောင်သည် တံခါးနှစ်ထပ်ဖြစ်သည်။ ထို့ကြောင့် အတွင်းမှ အသံ ကို ဧည့်ခန်းဆောင်မှ မကြားခဲ့ရခြင်းဖြစ်သည်။

mgyoe.com

 mgyoe.com 

ပထမတံခါးနှစ်ရွက်ဖြစ်သော မှန်တံခါးကိုဖွင့်၍ နှစ်ယောက်စလုံးအတွင်းသို့ ရောက်ရှိသောအခါ တံခါးရွက်က အလိုအလျောက် စပရိန်၏ ဆွဲအားဖြင့် ပြန်လည်ပိတ်သွားသည်။ အမျိုးသမီးက ဒုတိယတံခါးရွက်ကို ညင်သာစွာ ဂရုတစိုက်ဖွင့်လိုက်သောအခါ ပြခန်းအတွင်းမှ အသံများကို ကြားလိုက်ရသည်။

မြို့စားကြီးက အခန်းဝတွင် ရပ်လျက်သားရှိနေစဉ် အမျိုးသမီးက ပြန်ထွက်သွားလေသည်။

မြို့စားကြီးသည် သူ၏ ရှေ့တူရူသို့ လှမ်းကြည့်လိုက်စဉ်. . .

ရုတ်တရက် မီးစက်မောင်းသံကို သဲ့သဲ့မျှ ကြားလိုက်ရသည်။

အပြာရောင် မီးကွင်းတစ်ခု ပေါ်လာသည်။

နီယွန်အရောင်များ တောက်ပလင်းထိန်နေသည်။

ဥပမိရုပ်အားဖြင့် ခံ့ညားပြီး သန်စွမ်းတောင့်တင်းသော ကိုယ်ကာယနှင့်သားနား၍ သေသပ်စွာဝတ်ဆင်ထားသော လူတစ်ယောက်က အပြာရောင် မီးကွင်းထဲတွင် ပေါ်လာသည်။

ထို့ကြောင့်. . .

ထိုသူ၏ မျက်နှာကြီးတစ်ခုလုံးက အပြာရောင်ဟပ်၍ ပြာနှမ်းနေသည်။ သူ၏ဝတ်စုံမှာ အက်ဒဝပ်ခေတ် ဝတ်စုံဖြစ်သည်။ ထူးခြားသော အလင်းရောင်ထဲတွင် ထိုသူ၏ မျက်နှာကြီးမှာ ချောက်ချားဖွယ်ရာ ဖြစ်နေသည်။

သူ၏စကားသံမှာ နက်ကျောကျော စူးရှရှနှင့် အက်တက်တက်ကြီး ဖြစ်နေသည်။

"မင်္ဂလာညခင်းပါ ခင်ဗျာ။ ကျွန်ုပ်ကတော့ ပရော်ဖက်ဆာ ပေါလ်မောင်ဂိုမာရီ ဖြစ်ပါတယ်။ နောက်ပြီး သူလေးကတော့. . ."

သူက လက်တစ်ဖက်ကို ဘယ်ဘက်သို့ ဆန့်တန်းလိုက်သည်။

အနီရောင် မီးကွင်းတစ်ခု ဖျတ်ခနဲ ပေါ်လာသည်။

အနီရောင် မီးကွင်းထဲတွင် သစ်လွင်လန်းဆန်းသော မျက်နှာလှလှလေးတစ်ခုကို တွေ့လိုက်ရသည်။

ပေါလ်မောင်ဂိုမာရီက ဆက်လက်၍-

"ကျွန်ုပ်ရဲ့တွဲဖက်၊ အင်မတန်ချစ်စရာကောင်းတဲ့ ဂျနီဖာ"

ပြခန်းတွင်းရှိ ပရိသတ်၏ လက်ခုပ်သံများ ထွက်ပေါ်လာကြသည်။

mgyoe.com

အခန်းတွင်းရှိ အလင်းရောင်များက ပိုမိုထိန်လင်းလာသည်။ ထူးခြားဆန်းကြယ်သော၊ နိမိတ်မကောင်းသော အသွင်သဏ္ဌာန်ဖြင့် မီးပွားများက ဖျတ်ခနဲ၊ ဖျတ်ခနဲ ပွင့်ထွက်ဖြစ်ပေါ်လာသည်။

ပေါလ်မောင်ဂိုမာရီ၏ အက်ကွဲနက်ကြောသော အသံကြီးကို ကြားလိုက်ရသည်။

"လွန်ခဲ့တဲ့ နှစ်နှစ်တာ ကာလလုံးလုံး ကျွန်ုပ်တို့နှစ်ယောက် သေဆုံးခဲ့ကြရပါတယ်။ အခုလို လက်ရှိအခြေအနေကို ပြန်လည်ရောက်ရှိလာဖို့ အပြင်းအထန်ကြိုးစားခဲ့တဲ့အတွက် . . ."

သူက စကားသံကို ခေတ္တမျှ ရပ်တန့်လိုက်သည်။

ထိုအခိုက်အတန့်တွင်

မီးပွားများက မိုးရွာချလိုက်သည့်အလား သူတို့ ဦးခေါင်းနှင့် ကိုယ်ခန္ဓာပေါ်သို့ သွန်းလောင်းကြဲဖြန့်ကျလာသည်။

နီယွန်မီးကွင်းက ပိုမိုလင်းထိန် တောက်ပလာသည်။

"အံ့သြစရာကောင်းတဲ့ မိုးကြိုးဓာတ်အားတွေဟာ ကျွန်ုပ်တို့ ခန္ဓာကိုယ်ကို ဖြတ်သန်းစီးဆင်းသွားကြတယ်။ အဲဒီအခါမှာ အဆုံးအစမရှိတဲ့ စွမ်းအားတွေနဲ့အတူ အခုလို ကျွန်ုပ်တို့ ပြန်လည် ရှင်သန်လာခဲ့ကြခြင်း ဖြစ်ပါတယ်"

သူသည် မှိန်ပျပျဖြစ်လာသော ဖန်ပြွန်ကွင်းကို မြှောက်ပြလိုက်သည်။

ရှေ့ဆုံးမှ ပရိသတ်အနီးသို့ ခြေလှမ်းတိုး၍ နောက်သို့ တစ်လှမ်းပြန်ဆုတ်သည်။

"ကဲ. . . ပရိသတ်ထဲက တစ်ယောက်လောက် ဟောဒါလေးကို ကိုင်ပေးပါ"

ပရိသတ်ရှေ့ဆုံးတန်းမှ မိန်းမပျိုတစ်ယောက် ထလာသည်။ ပေါလ်လှမ်းပေးသော ဖန်ပြွန်ကွင်းကို ကိုင်ဆောင်လိုက်သည်။ ပေါလ် မောင်ဂိုမာရီနှင့် ဂျနီဖာ ဖန်ပြွန်ချောင်း၏ ထိပ်တစ်ဖက်တစ်ချက်စီတွင် ကိုင်ထားကြသည်။ အလယ်မှ မိန်းမပျိုအပါအဝင် သုံးယောက်သား ဖန်ပြွန်ချောင်းကို စုပေါင်း ဆုပ်ကိုင်နေကြသည်။

ပေါလ်မောင်ဂိုမာရီက ဂျနီဖာဘက်သို့ လှည့်ကြည့်လိုက်သည်။

"ကျွန်ုပ်တို့နဲ့အတူ သက်တမ်းရှည်စွာ နေနိုင်ကြပါစေ"

mgyoe.com

mgyoe.com

ပေါလ် မောင်ဂိုမာရီက ဆုမွန်တောင်းသော အသံနေ အသံထားဖြင့် ရွတ်ဆိုလိုက်သည်။ အဝါရောင် မီးရောင်သည် ပရိသတ်ပေါ်သို့ ကျရောက်လာသည်။ ခေတ်ပေါ်အဆိုတော် နာမည်ကြီး တယ်ရီတာဝါကို မီးရောင်အောက်တွင် တွေ့ရသည်။ နောက်ဆုံးပေါ် ဝတ်စားဆင်ယင်မှုဖြင့် ဆံပင်ရှည်ရှည်၊ နီကြောင်ကြောင် လှည်းဘီးမျက်မှန်ဝိုင်းကြီးကို တပ်ဆင်ထားသည်။

တယ်ရီတာဝါ၏ အတွဲဖြစ်သော တော်လီဆိုသော အမျိုးသမီးလည်း ပါသည်။ တော်လီ ဝတ်ဆင်ထားသည်မှာ ကြောင်ကြောင်ကျားကျား မျက်စိနောက်စရာ ဝတ်စုံဖြစ်သည်။

ဟန်ဂေရီ ရုပ်ရှင်မင်းသမီးတစ်ဦးသည် သူ၏ သက်တော်စောင့် လူငယ်တစ်ယောက်နှင့်အတူ ယှဉ်တွဲထိုင်နေသည်။

သူတို့အပေါ်သို့ မီးရောင်ကျလာသောအခါ အံ့သြသွားကြသည်။

နောက်ထပ် အပြာရောင် ဖန်ပြွန်တစ်ခုမှာ တောက်ပလာသည်။ ပရိသတ်များအပေါ်သို့ ဖြန့်ကြက်လွှမ်းခြုံလိုက်သည်။

အခြား ထင်ရှားကျော်ကြားသူများကို ပရိသတ်ထဲတွင် တွေ့မြင်ကြရသည်။

ကွမ်းရိုးစင်းဝတ်စုံနှင့် ပြိတိသျှ စာရေးဆရာ။

မုတ်ဆိတ်ဖွားဖွားနှင့် သိပ္ပံပညာရှင်။

ရွှေဒင်္ဂါးပြားများဖြင့် ဂါဝန်တစ်ခုလုံး ခြယ်မှုန်းထားသော သူကြွယ်မ။

အမျိုးသမီးမဂ္ဂဇင်းအယ်ဒီတာ ယောကျ်ားလျာမနှင့် ကမ္ဘာကျော်အနုပညာအသိုက်အဝန်းများ၊ စာပေပညာရှင်များ အားလုံးသည် မီးရောင်ထဲတွင် စိတ်လှုပ်ရှားမှုများကို ခံစားနေကြရသည်။

ထိုပရိသတ်ထဲတွင် စိတ်လှုပ်ရှားခြင်း၊ အံ့သြခြင်း မဖြစ်သော လူ တစ်ယောက် ပါသည်။ ထိုသူမှာ ဂျနီဖာ၏ ရှေ့နေ ဟယ်ရီဂေါ်ဒန်ဖြစ်သည်။ သူသည် ရှေ့နေအဝတ်အစား ကိုးရိုးကားရားကြီးဖြင့် အနေရ အထိုင်ရ ကျဉ်းကျပ်လျက် စိတ်မသက်မသာ ဖြစ်နေသည်။

စက်ကိရိယာတစ်ခု၏ ဒိုင်ခွက်တွင်းရှိ အိမ်မြှောင်က တရွေ့ရွေ့ လည်နေသည်။

ပေါလ်မောင်ဂိုမာရီက ဆက်လက်၍ အချိန်ကို ရေရွတ်လိုက်သည်။ သူက ပရိသတ်ကို ကျောပေးထားသည်။

mgyoe.com

mgyoe.com


သူသည် ပရိသတ်ဘက်သို့ မျက်နှာမူလိုက်သည်။ သူ၏ လက်ကို ဂျနီဖာ၏ ပခုံးပေါ်သို့ တင်သည်။

"ကျွန်ုပ်တို့ ဇနီးမောင်နှံရဲ့ အိမ်ထောင်သက် တစ်နှစ်မြောက်တိုင်း ဓာတ်အား တစ်သောင်း ဖြစ်ပါတယ်"

လက်ခုပ်သြဘာသံများက ဆူညံသွားသည်။

အခန်းတစ်ခုလုံး မီးရောင်များဖြင့် လင်းထိန်သွားသောအခါတွင် ရှန်ပိန်ဖြင့် ဧည့်ခံသည်။

ဧည့်ပရိသတ်က ဂျနီဖာနှင့် ပေါလ်အတွက် ဆုမွန်တောင်း၍ သောက်ကြသည်။

ပြခန်းထဲတွင် အဆင်ပြေစွာ ခင်းကျင်းပြသထားသည်။

ရှေးဟောင်းပစ္စည်းများနှင့် ခေတ်ပေါ်ပစ္စည်းများကို ရုပ်တုများနှင့် အချိုးကျစွာ ပေါင်းစပ်ထားသည်။ အဖိုးထိုက် အဖိုးတန် ရှေးဟောင်း ပန်းချီကားများ၊ ခေတ်ပေါ် ပန်းချီကားများနှင့် လက်ရှိ တင်းစတိန်း ရုပ်ပြောင်များကို နံရံပေါ်တွင် ချိတ်ဆွဲထားသည်။

အမျိုးအမည် ဖော်ပြ၍ မရနိုင်သော စိတ္တဗေဒဆန်သည့် တည်ဆောက်မှု ထောင့်ချိုးများ၊ အဖြူ အမည်း နှစ်ရောင်ဖြင့် ဂဲသြမေထရီဆိုင်ရာ ပဟေဠိဒီဇိုင်းများ။

ထိုဒီဇိုင်းများကို တစ်ဖန် မီးစလောင်းနှစ်ခုဖြင့် အလင်းရောင် ထိုးပေးထားသည်။

ထိုမီးရောင်အောက်တွင် ရှေးဟောင်း ရွှေစင် ရွှေသားဖြင့် ပေါင်ကြက်ထားသော ပတ္တူဖျင်ပေါ်တွင် ရှေးဟောင်းမျက်နှာကြီးများကို တွေ့ရသည်။

ဧည့်ပရိသတ်က ဖန်ခွက်များထဲသို့ ရှန်ပိန်များ ထပ်မံ ငှဲ့ထည့်နေသည်။ အထက်သို့ လက်ဆန့်တန်း၍ မြှောက်ကြပြန်သည်။ နောက်ထပ် ဆုတောင်းကြခြင်းပင်။

အခြားဧည့်သည်များထက် အဆိုကျော် တယ်ရီတာဝါ၏ အသံက ပိုမိုကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ပေါလ်နဲ့ ဂျနီဖာအတွက် ဆုမွန်တောင်းပါတယ်။ ကျွန်တော့်ရဲ့ အနုပညာကို အလေးအနက် အားပေးတဲ့ ပရိသတ်အနည်းငယ်ထဲမှာ သူတို့ ဇနီးမောင်နှံ

mgyoe.com

mgyoe.com


ပါတယ်။ သူတို့ ဘာဖြစ်လို့ ကျွန်တော့်ကို အားပေးကြရသလဲဆိုရင် ကျွန်တော့် နည်းတူ ရူးသွပ်နေကြသူတွေ ဖြစ်လို့ပါပဲ၊ ပေါလ်နဲ့ဂျနီဖာတို့ ဇနီးမောင်နှံရဲ့ ဒုတိယ အကြိမ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့အတွက်"

ဂျနီဖာ ဝတ်ဆင်ထားသော စိန်တစ်ဆင်စာ ကျောက်မျက်ရတနာများမှာ အဖြူရောင် မီးတောက်ဖြစ်နေသည့်အလား ဂျနီဖာ လှုပ်ရှားသည့်အခါတိုင်း တဖျပ်ဖျပ် ဝင်းလက်နေသည်၊ သူမ၏ ဂါဝန်မှာ ဝိတိုရိယခေတ်ပုံစံကို အတုယူ၍ ချုပ်ထားသော လည်ပင်းပေါက်ကျဉ်းသော ဒီဇိုင်းမျိုးဖြစ်သည်။

ရွှေဒင်္ဂါးပြားများသီ၍ ဂါဝန်ချုပ်ထားသော သန်းကြွယ်သူဌေးမ၏ အမည်မှာ စီလီယာဖြစ်သည်။ စီလီယာက ရှေ့နေကြီး ဟယ်ရီဂေါ်ဒန်ဘက်သို့ လှည့်ကြည့်သည်။

ဟယ်ရီဂေါ်ဒန်၏ လက်ထဲတွင် စကော့ချ်ဝီစကီ ဖန်ခွက်ကို ကိုင်ထားသည်။ သူသည် စကော့ချ်ဝီစကီကို ရှန်ပိန်ထက် ပို၍နှစ်သက်သူ ဖြစ်သည်။

"ဘယ့်နှယ်လဲ"

ရှေ့နေကြီးက စီလီယာအား မေးလိုက်သည်။

"ကောင်းပါတယ်။ သမားရိုးကျမဟုတ်တဲ့ ထူးထူးခြားခြား ဆန်းဆန်းပြားပြား ပါတီပွဲတစ်ခုပါပဲ။ ရှင်ကတော့ သူတို့ ဇနီးမောင်နှံနဲ့ပတ်သက်လို့ အနီးကပ် ပေါင်းနေတဲ့ လူတစ်ယောက်ပဲ"

စီလီယာ၏ ထင်မြင်ချက်ကို ရှေ့နေကြီးဟယ်ရီဂေါ်ဒန်က အပြုံးဖြင့် ခေါင်းညိတ်ပြသည်။

စီလီယာက ဆက်၍ မေးသည်။

"အဲဒီ ချောက်ချားစရာကောင်းတဲ့ လျှပ်စစ်လုပ်ပုံ လုပ်နည်းက ဘယ်လို များလဲ ရှေ့နေကြီး"

ဟယ်ရီဂေါ်ဒန်၏ အပြုံးက ပိုမိုကျယ်ပြန့်သွားသည်။

"ဆန်းဆန်းပြားပြား ပြသဖို့ တမင်သက်သက် ဖန်တီးထားတဲ့ စက်မှုပစ္စည်း က ထွက်ပေါ်လာတာပါ။ သူတို့ ကတ်သီးကတ်သတ် ရှာဖွေစုဆောင်းပြီး ပြုပြင် တီထွင်ထားတဲ့ ပစ္စည်းတစ်ခုပါပဲ။ ဂျနီဖာနဲ့ပေါလ်တို့ ဇနီးမောင်နှံကတော့ ဖြစ်ရိုး ဖြစ်စဉ်မဟုတ်တဲ့ ဆန်းဆန်းပြားပြား ကစားနည်းတွေကို နေ့စဉ်နဲ့အမျှ ရှာဖွေ စဉ်းစားပြီး တစ်ခုမဟုတ် တစ်ခုလုပ်နေကြလေ့ရှိတယ်"

mgyoe.com

mgyoe.com


"ရှေးဟောင်း ပန်းချီကားတွေကကော အစစ်အမှန်ဟုတ်ရဲ့လား"

စီလီယာက စပ်စုသည်။

"ဟာ. . . အဲဒါကတော့ သေချာတယ်။ တကယ့်အစစ်မှန်တွေပါ"

ရှေ့နေကြီးက ပျာပျာသလဲ ပြောဆိုသည်။

"ရှင် ဘယ်လိုလုပ်ပြီး တိတိကျကျ ပြောနိုင်သလဲ"

"ပြောနိုင်တာပေါ့ဗျာ။ အဲဒီ ပန်းချီကားတွေဟာ ဂျနီဖာရဲ့ ဆွေစဉ်မျိုးဆက် အမွေဆက်ခံခဲ့တဲ့ ပစ္စည်းတွေဖြစ်နေတယ်လေ"

ထို့နောက် ဟယ်ရီဂေါ်ဒန်က ဖန်ခွက်ကိုင်ထားသော လက်ဖြင့် ရွှေသား ပေါင်ကွပ်ထားသော ပန်းချီကားကို ညွှန်ပြ၍ ပြောပြန်သည်။

"အဲဒီ ပန်းချီကားကို ကျုပ် အရမ်းသဘောကျတယ်။ ဒါမျိုးတစ်ကားလောက် အပိုင်ဝယ်ထားချင်တယ်။ ဈေးကတော့ ဒေါ်လာသိန်းနဲ့ချီပြီး တန်တယ်။ ဟိုဘက်က ပန်းချီကားကိုတော့ သဘောမတွေ့ဘူး။ အဲဒီပစ္စည်းရဲ့ အရသာကို ကျုပ် ပြည့်ပြည့် ဝဝ မခံစားတတ်လို့ပဲ ဖြစ်မှာပါ။ ပေါလ်ကတော့ ခံစားတတ်ပုံရတယ်လေ"

"ပေါလ်က အနုပညာပစ္စည်းကို အရသာခံစားတတ်တယ်၊ ဟုတ်ရဲ့လား"

စီလီယာက ထောက်၍မေးလိုက်သည်။

ဟယ်ရီဂေါ်ဒန်က ပခုံးတစ်ချက်တွန့်ပြသည်။

"အဲဒါတွေကို သူကိုယ်တိုင်ရွေးချယ်ပြီး ဝယ်လာတာပဲ။ ကျသင့်တဲ့တန်ဖိုး ကို ဂျနီဖာက ကျုပ် မျက်မှောက်မှာပဲ ချက်လက်မှတ်ပေါ်မှာ ဆိုင်းထိုးပေးတယ် လေ"

"ဘယ်လောက်များ အသုံးဝင်တဲ့ ယောကျ်ားလဲနော်။ ရုပ်လည်း ချော တယ်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း သန်မာတောင့်တင်းတယ်။ အတွေးအခေါ်၊ အမြော်အမြင်လည်းရှိတယ်။ ဂျနီဖာက သူ့ကို ဘယ်နေရာမှာ ရှာတွေ့လာတာလဲ"

စီလီယာက တီးတိုးမေးခွန်းဖြင့် စပ်စုသည်။

"ဆွစ်ဇာလန်မှာ စပြီးတွေ့ခဲ့တာပေါ့"

စီလီယာက မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"ဟုတ်မှာပေါ့၊ ဆွစ်ဇာလန်က နှင်းတောင်တွေရဲ့ ဆင်ခြေလျှော တစ်ခု တစ်ခုမှာ သူလိုလူစားမျိုးတစ်ယောက်တော့ အမြဲတွေ့ခဲ့ရတာပဲ"

စင်စစ်အားဖြင့် ခပ်ပေါပေါအစားထဲမှာ ဂျနီဖာက ခေါင်းခေါက် ရွေးချယ်

mgyoe.com

mgyoe.com

ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟု အငေါ်တူးလိုက်ခြင်းဖြစ်သည်။

ဒါကို ရှေ့နေကြီးက မည်သို့မျှ ထင်မြင်ချက်မပေးချေ။

ပခုံးတစ်ချက်သာ တွန့်ပြလိုက်သည်။

*

အိမ်ဂေဟာ၏ နောက်ဖေးမီးဖိုခန်း အပြင်ဘက်တံခါး ပွင့်သွားသည်။ စတိုးဆိုင်မှ စားသောက်ဖွယ်ရာ ပစ္စည်းပို့သမား ဝင်လာသည်။ ထိုသူ၏အမည်မှာ နော်မန် ဖြစ်သည်။

နော်မန်၏ အသက်မှာ ၂၃ နှစ်ခန့်ရှိပြီ။

သူ၏ ပခုံးပေါ်တွင် ဆိုဒါပုလင်းများ ယဇ်ရွှေရည်ယမကာ ပုလင်းများကို သေတ္တာဖြင့် ထမ်းပိုးလာသည်။

နော်မန်သည် တီရှပ်နှင့်အပြာရောင်ဂျင်းဘောင်းဘီတို့ဖြင့်ဖြစ်ပြီး အရောင်ဖျော့နေပြီဖြစ်သော ဂျာကင်တစ်ထည်ကို တီရှပ်အပေါ်မှ ဝတ်ဆင်ထားသည်။

သူက လေကလေး တချွန်ချွန်ဖြင့် ပခုံးပေါ်မှ ပုလင်းသေတ္တာကို ချသည်။ ပုလင်းများကို စားပွဲပေါ်တွင် နေသားတကျ စီရီတင်လိုက်သည်။

သူ့လေချွန်သံမှာ ရှေးဟောင်းတေးသွားအလိုက်တစ်ခု ဖြစ်သည်။

နော်မန်မှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်မှ ထိုသို့သော တေးသွားကို လေချွန်လေ့မရှိချေ။

ပစ္စည်းလာပို့သည့်အခါတိုင်း မည်သည့်အိမ်သို့မဆို ထိုလေချွန်သံဖြင့် သူ ရောက်ရှိနေပြီဖြစ်ကြောင်း အချက်ပေးသော သဘောမျိုးဖြစ်သည်။

အခိုင်းအစေ မိန်းကလေး နိုရာက မီးဖိုခန်းသို့ ရောက်လာသည်။

နော်မန်က စပ်ဖြီးဖြီး ပြည်တည်တည်ဖြင့် ကြည့်သည်။

"ဒီနေ့ညလည်း အထူးအဆန်းတွေ သည်းထိတ်ရင်ဖိုစရာ ပြကွက်တွေနဲ့ သိပ်ပြီး စိတ်လှုပ်ရှားစရာ ကောင်းမှာပဲနော်"

နော်မန်က စကားစလိုက်သည်။

နိုရာက ဦးခေါင်းခါပြသည်။

ဆေးကြောထားသော ဖန်ခွက်များကို ငွေလင်ပန်းပေါ်သို့ တင်နေသည်။

"အဲဒါတွေကို ခင်ဗျား စိတ်မဝင်စားဘူး ... ဟုတ်လား"

mgyoe.com

mgyoe.com


"သူတို့ အဲဒီလိုပြတိုင်း ကျွန်မက ဧည့်ပရိသတ်အတွက် စားစရာ သောက်စရာတွေ ချက်ပြုတ်ပြင်ဆင်နေရလို့ မကြည့်အားပါဘူးရှင်။ ကြည့်ခွင့်ရရင်လည်း စိတ်မဝင်စားပါဘူး။ ဒါကျွန်မတို့လို လူစားတွေအတွက် မဟုတ်ပါဘူး"

"ဒါဖြင့် ခင်ဗျား တစ်ခါမှ မကြည့်ဖူးဘူးပေါ့။ ဟုတ်လား"

"ရှင့်နှယ်ရှင်၊ ပြောရတယ်ခက်ပါလား။ မကြည့်အားပါဘူးလို့ ဘယ်နှခါပြောရမလဲ။ ဒီနေ့ညက ကျွန်မအတွက် နောက်ဆုံးပါပဲ။ ဒါကြောင့် သည်းညည်းခံပြီး လုပ်ပေးနေရတာ"

နော်မန်က အံ့သြသောအကြည့်ဖြင့် ကြည့်လိုက်သည်။

"ခင်ဗျားက ဘယ်သွားမလို့လဲ"

"ရှင် မသိဘူးလား။ ဒီမြို့က လူတွေ တော်တော်များများက နွေရာသီ အပန်းဖြေခရီး ထွက်ကုန်ကြပြီလေ။ ကျွန်မလည်း အပျော်ခရီးသွားဖို့ အဆင်သင့်ဖြစ်နေပြီ။ သုံးပတ်လုံးလုံး အပျော်ခရီးသွားရမှာ အင်မတန် ပျော်စရာကောင်းတယ်။ ရှင်ကော ဘယ်မှ မသွားဘူးလား"

"မသွားနိုင်ပါဘူးဗျာ။ အပျော်ခရီးထွက်တယ်ဆိုတာ ငွေကြေးဖူဖူလုံလုံနဲ့ သုံးစွဲနိုင်မှ ဖြစ်မှာဗျ။ ကျုပ်က ညနေအတွက် ဘီယာဖိုးကလေးကိုတောင်မှ ခက်ခက်ခဲခဲ ရှာနေရတာ အပန်းဖြေခရီးကို သွားတော့သွားချင်တာပေါ့ဗျာ"

"ရှင့်အလုပ်က ခွင့်မပြုဘူးလား။ ကြိုတင်လစာငွေရော ထုတ်မပေးဘူးလား။ ကျွန်မတို့အိမ်ရှင် ဂျနီဖာကတော့ သုံးလစာ ကြိုတင်ငွေပေးတယ်။ ခွင့်သုံးပတ်လည်း ပေးတယ်။ ပြန်လာတော့မှ အရစ်ကျဖြတ်ချင်လည်း ဖြတ်မယ်။ အဲလိုမျိုး အခွင့်အရေး မရဘူးလား"

"မရပါဘူးဗျာ။ ကျုပ်အလုပ်ရှင်က ကြိုတင်ငွေပေးဖို့ နေနေသာသာ လုပ်အားခတောင် အပြည့်အဝပေးချင်တာ မဟုတ်ဘူး"

"ဒါဆို သိပ်ဆိုးတာပေါ့ရှင်"

ထိုအချိန်တွင် အောက်သို့ ဓာတ်လှေကားဆင်းလာသံကို ကြားလိုက်ရသဖြင့် နီရာက နော်မန်အား "ရှူး"ဟူ၍ တိတ်တိတ်နေရန် သတိပေးသည်။

ဓာတ်လှေကားတံခါး ပွင့်လာသည်။ အတွင်းမှ ဂျနီဖာ ထွက်လာသည်။

နော်မန်က လှပတောက်ပြောင်စွာ ဖြီးလိမ်းခြယ်သထားသော ဂျနီဖာအား ငေးမောကြည့်ရှုနေလိုက်မိသည်။

mgyoe.com

mgyoe.com

"ဩော်. . . နော်မန်၊ မင်းရောက်နေမှကိုး"

"ဟုတ်ကဲ့. . . မစ္စမောင်ဂိုမာရီ"

နော်မန်က မျက်လွှာကိုချ၍ ပြောလိုက်သည်။

"အေး . . . မင်းရောက်လာတာနဲ့ အတော်ပဲ။ ဧည့်သည်တွေအတွက် ရှန်ပိန်တစ်စက်မှ မကျန်တော့ဘူး။ ကဲ. . . ရှန်ပိန်ပုလင်းတွေသယ်ပြီး ငါ့နောက်က လိုက်ခဲ့စမ်း"

"ကောင်းပါပြီ ခင်ဗျာ"

နော်မန်က ကျိုးနွံစွာ ပြောလိုက်သည်။

နော်မန်က ရှန်ပိန်သေတ္တာကို ပခုံးပေါ်သို့ ထမ်းလိုက်သည်။

ဂျနီဖာက ရှေ့မှ ဦးဆောင်လျှောက်သွားသည်။

"ဒီည ဘာအတွက် ပါတီပေးတာလဲဟင်"

"ရှင့်မျက်လုံး အကြည့်တွေကို ဆင်ခြင်စမ်း . . . နော်မန်"

သူ့မေးခွန်းကို မဖြေဘဲ နိုရာက သတိပေးသည်။

"ဘာဖြစ်လို့လဲ နိုရာ။ ကျုပ်မျက်လုံးတွေက ဘယ်လိုဖြစ်နေလို့လဲ"

"မစ္စမောင်ဂိုမာရီကို ကြည့်တဲ့အကြည့်ဟာ မရိုးသားဘူးလို့ ကျွန်မ ထင်တယ်။ ဒါကို မစ္စတာမောင်ဂိုမာရီသာ တွေ့ရင် ရှင့်ကုပ်ကို လက်တစ်ဖက်တည်းနဲ့ ချိုးပစ်လိုက်မယ် သိလား"

နော်မန်သည် ခေါင်းတညိတ်ညိတ်ဖြင့် ဂျနီဖာ ဝင်သွားသော အခန်းရှိရာသို့ ဦးတည်လျှောက်သွားသည်။

အခန်းတံခါး နှစ်ထပ်အနက် ပထမ မှန်တံခါးဖွင့်၍ ဝင်မိသောအခါတွင် သူ့အဖို့ ထူးခြားချက် မတွေ့ရသေးချေ။

ဒုတိယအတွင်းတံခါးကို ဖွင့်လိုက်သောအခါတွင် မြင်ကွင်းတစ်ခုလုံးသည် သူ၏မျက်စိထဲတွင် လင်းလက်တောက်ပြောင်နေသော မီးရောင်စုံအောက်မှ လှုပ်ရှားမှုများ၊ ထည်ဝါခံ့ညားသော အသွင်သဏ္ဍာန်များ၊ စိန်၊ ရွှေရတနာများ ဝတ်ဆင်ထားသော နတ်မိမယ်တမျှ လှပသည့် အမျိုးသမီးများ၊ လျှမ်းလျှမ်းတောက် ပရိသတ်များသည် သူ့အား စိတ်အားငယ်စေသည်။ ပိုမို၍ သိမ်ငယ်စေသည်။

ဧည့်သည်တို့ထံမှ ထွက်ပေါ်နေသော အဖိုးထိုက် အဖိုးတန် ရေမွှေးနံ့များသည် သူ့အား အသက်ပင် ရဲရဲမရှူဝံ့အောင် ဖမ်းစားနေသည်။

mgyoe.com

mgyoe.com


ဂျနီဖာ ညွှန်ပြသော စားပွဲခုံကြီးပေါ်သို့ နော်မန်က ရှန်ပိန်သေတ္တာကို ချလိုက်သည်။ ထို့နောက် အခန်းတွင်းမှ ပြန်လည်ထွက်ခွာလာခဲ့သည်။

နော်မန်သည် မီးဖိုခန်းသို့ ပြန်ဝင်ခဲ့သည်။

"မင်္ဂလာညပါ နိုရာ။ ပြန်တော့မယ်နော်"

နော်မန်က နိုရာ၏ စကားကိုပင် ဆက်လက်နားမထောင်တော့ဘဲ မီးဖိုခန်းထဲမှ နောက်ဖေးပေါက်သို့ ထွက်သွားသည်။

အဆောက်အအုံပြင်ပသို့ ရောက်သောအခါ သူ့အနေနှင့် စိတ်လက်ပေါ့ပါးကြည်လင်သွားသည်။ သူ့အား လှမ်းကြည့်နေသော နိုရာ၏ မြင်ကွင်းတွင် နော်မန် ပျောက်ကွယ်သွားသည့်တိုင်...

နော်မန်၏ လေချွန်သံက ပျံ့လွင့်ကျန်ရစ်ခဲ့လေသည်။

* * *

mgyoe.com

mgyoe.com


# အခန်း [ ၂ ]

ပြခန်း ခန်းမထဲတွင် ပြကွင်းပြကွက်များက ဆက်လက်တည်ရှိနေဆဲပင်။

ဧည့်သည်တော်ပရိသတ်သည် ရှေးဟောင်းနှင့် ခေတ်ပေါ်ပန်းချီကားများကို လည်းကောင်း၊ အခြားစိတ္တဗေဒဒီဇိုင်းများကို လည်းကောင်း ကြည့်ရှုနေကြသည်။

အချို့က ဘီလိယက်ခုံတွင် ဝင်ရောက်ကစားကြသည်။ ဂိုးသစ်လေသွင်း ခလုတ်နှိပ် ဂီတပစ္စည်းနှင့် အခြား တူရိယာပစ္စည်းများ၊ ငွေအကြွေထည့်၍ ခလုတ်နှိပ်သော လောင်းကစားစက်များ၊ ဂေါ်လီကလေးကို စပရိန်တပ်တုတ်ဖြင့် ဆွဲတွန်း၍ ဂေါ်လီကျရာအကွက်မှ ဂဏန်းအလိုက် ငွေကြေးရရှိခြင်းများ၊ အက္ခရာအလိုက် ဆုမဲများ၊ လျှပ်စစ်မျက်လုံးနှင့် အပျော်တမ်း သေနတ်ပစ်ကစားနည်းများ စသည်ဖြင့် ပြပွဲကြီးတစ်ခုပမာ စည်ကားနေသည်။

ပရိသတ်၏ မြူးထူးပျော်ပါးသံများ၊ ရယ်မောသံများ၊ အာမေဋိတ်များဖြင့် ရှင်လန်းတက်ကြွသံများက ခန်းမထဲတွင် နေရာယူထားကြသည်။

*

အခန်းထဲတွင် မွှေးမြနေသည်။

အနမ်းပွင့်များ ဖြာဝေခဲ့သောကြောင့် ဖြစ်သည်။

ဂျနီဖာက မှန်တင်ခုံရှေ့သို့ လျှောက်သွားကာ မှန်ရှေ့တည့်တည့်တွင် ထိုင်လိုက်သည်။

ထိုင်းဖိုင်းရီကော်ဒါမှ “အိပ်ပျော်နေသူ လှပျိုဖြူ” ဒုတိယပိုင်းကို တီးခတ်ဖွင့်

mgyoe.com

ထားဆဲပင်။

ဂျနီဖာသည် ရွှေဝါရောင်ဆံပင်တုကြီးကို ဦးခေါင်းပေါ်မှ ကြွ၍ ဖြုတ်လိုက်သည်။ အောက်ခံအညိုရောင်ဆံပင်များ ပြန်လည်ပေါ်ထွက်လာသည်။

ဂျနီဖာက ရွှေရောင်ဆံပင်တုကို နဂိုမူလ အညိုရောင်ဆံပင်နှင့် မှန်ထဲတွင် နှိုင်းယှဉ်ကြည့်လိုက်သည်။ ဆွဲဆောင်နိုင်မှုစွမ်းရည်မှာ တစ်မျိုးတစ်ဘာသာစီ ဖြစ်သည်။ သူမသည် ဆံပင်တုကို မှန်တင်ခုံပေါ်သို့ ချထားလိုက်သည်။

နောက်ထပ် လုပ်ရမည့်အလုပ်များမှာ လက်ချောင်းကလေးများ၏ အလုပ်သာဖြစ်သည်။

ဂျနီဖာက ညင်သာသိမ်မွေ့စွာဖြင့် မျက်တောင်တုများကို အသာအယာ ခွာသည်။

ထို့နောက်. . .

အမှတ်မထင် အိပ်ရာပေါ်မှ ပေါလ်ထံသို့ အကြည့်တစ်ချက် ဝေ့သွားသည်။ ပေါလ်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေဆဲပင်. . .

မဟော်ဂနီရောင်ပုံစံအဆန်းဖြင့် ပြုလုပ်ထားသည့် ခုတင်ကြီးဖြစ်သည်။ ထိုခုတင်ပုံစံကို ပေါလ်နှင့် သူမတို့ စိတ်တိုင်းကျ ဒီဇိုင်းရေးဆွဲ၍ ဗိသုကာသမားက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

စင်စစ်အားဖြင့် ထိုဒီဇိုင်းမှာ ရှေးရိုးနှင့် ခေတ်မီပုံစံနှစ်မျိုးပေါင်းစပ်၍ ရေးဆွဲခဲ့ခြင်းဖြစ်သည်။ အိပ်ခန်းထဲတွင် ဖန်မီးလုံးများနှင့် ကာလပေါ်ဆေးရောင်ခြယ်မှုန်းမှုများ၊ ပန်းချီကားကြီးများ၊ ပင်လယ်ကမ်းခြေ အမှတ်တရ ရှုခင်းများ၊ ဓာတ်ပုံများ စသည်ဖြင့် မွမ်းမံပြင်ဆင်ထားသည်။

ထို့ပြင် ဆွေးမြည့်ကြေကွဲနေသော မျက်လုံးအစုံနှင့် မိန်းကလေး ကော်ပတ်ရုပ်တစ်ခုလည်း ရှိသည်။ လက်ကို ဆုပ်ညှစ်အား လေ့ကျင့်သော ရှေးဟောင်းအားကစားပစ္စည်းတစ်ခုနှင့် အမျိုးမျိုးသော ပြေးခုန်ပစ်ပြိုင်ပွဲများမှ ပေါလ် ရရှိခဲ့သည့်ဒိုင်းများ၊ ထရော်ဖီနှင့် တံဆိပ်များ၊ ငွေခွက်များ စုံလင်သည်။ ပစ္စည်းများကို သူ့နေရာနှင့်သူ စနစ်တကျတည်ရှိထားသည်။

စိတ်ကူးရတိုင်း ထပ်မံဖြည့်စွက်မှုပစ္စည်းများဖြင့် ပြင်ဆင်ထားသဖြင့် အိပ်ခန်းထဲ၌ပင် ပြပွဲတစ်ခုပမာ ရှုမငြီးဖွယ်ရာဖြစ်နေလေသည်။

ခုတင်ကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင် သစ်သားဖြင့် ပြုလုပ်ထားသော

mgyoe.com

mgyoe.com

ဖယောင်းတိုင်စင် တစ်ခုစီရှိသည်။ ထိုစင်ပေါ်တွင် ကြီးမားတုတ်ခိုင်သော ကျောက်ဖယောင်းတိုင်ကြီးတစ်တိုင်ကျစီ စိုက်ထူထားသည်။

ဂျနီဖာ၏ လှုပ်ရှားမှုကို ပေါလ်က မျက်လုံးဖွင့်ကြည့်လိုက်သည်။

ဂျနီဖာသည် မှန်တင်ခုံအံဆွဲကို ဆွဲဖွင့်လိုက်သည်။

အလှပြင်ပစ္စည်းတစ်ခုခုထုတ်ယူရန် ရည်ရွယ်လိုက်သော်လည်း ချက်စာအုပ်ကို တွေ့လိုက်ရသောအခါ အတွေးပြောင်းသွားသည်။

"ဒီလမှာ ခါတိုင်းထက်စောပြီး ချက်လက်မှတ်ထိုးရလိမ့်မယ်ထင်တယ်"

ပေါလ်၏ လစဉ်ပြောနေကျ စကားလုံးဖြစ်သည်။ လွန်ခဲ့သော လများကလည်း သည်လမှာ ခါတိုင်းထက်ပိုပြီး အကုန်အကျများသွားလို့ ဟူသော အကြောင်းပြချက်ဖြင့် လမကုန်မီ လစဉ်အသုံးစရိတ်ကို ကြိုတင်၍ ချက်လက်မှတ်ရေးထိုးပေးခဲ့ရသည်။

"ဟိုရေ့စ်က အကောင်းဆုံး လင်နင် အထည်တွေ အုပ်လိုက်ရောက်လာတယ်။ အရောင်အသွေး ဆန်းတာကတော့ နည်းနည်းပဲပါသတဲ့။ အဲဒါ ငါ့အတွက်နဲ့ မင်းအတွက် လှလှပပ ဝတ်စုံတစ်စုံစီလောက် ချုပ်ရရင် ကောင်းမလားလို့။ မင်းသဘောထားက ဘယ်လိုလဲ ဂျနီဖာ"

ဂျနီဖာ၏ နှုတ်ခမ်းတွင် အပြုံးတစ်ချက်လက်သွားသည်။

"အိုကေ"

ဂျနီဖာက ချက်စာအုပ်ကို လှန်လိုက်သည်။ ပတ်ကားဖောင်တိန်အဖုံးကို ဖွင့်၍ စတင်ရေးသားနေသည်။ ထိုအခိုက်အတန့်တွင် ပေါလ်က တယ်လီဖုန်းကို မ,ယူ၍ သူ့ဘေးတွင် ချလိုက်သည်။

ထို့နောက် ဂျနီဖာအား မော့ကြည့်လျက် မေးလိုက်သည်။

"အေမီ . . . မက်ဖာဆင် မသေခင်က သေတမ်းစာရေးခဲ့ရသတဲ့။ သူမကို ဂူသွင်းတဲ့အခါ တယ်လီဖုန်းတစ်လုံးကို သူမဘေးမှာ ထည့်ပြီးမြှုပ်နှံရမယ်တဲ့။ အဲဒီအကြောင်း မင်းသိသလား. . . ဂျနီဖာ"

ဂျနီဖာက ချက်ရေးပြီး လက်မှတ်ထိုးနေဆဲဖြစ်သည်။

ထို့ကြောင့်. . .

ပေါလ်၏ စကားကို မမေ့လိုက်ချေ။

သူမသည် ချက်လက်မှတ်ကို ညီညီညာညာဆုပ်လိုက်သည်။ ပြီး စားပွဲ

mgyoe.com

mgyoe.com

စောင်း၏ အထက်ရှိ ဖန်ချောင်းကလေးထဲသို့ ထည့်ထားလိုက်သည်။

ပြီးမှ ပေါလ်၏ စကားကို မေးခွန်းထုတ်လိုက်သည်။

"အေမီက ဘာလုပ်ဖို့ တယ်လီဖုန်းကို သူမနဲ့အတူ မြုပ်နှံစေချင်တာလဲ"

"အကြောင်းရှိရင် ဖုန်းဆက်ဖို့ပေါ့ကွာ"

"ဘယ်လိုအကြောင်းရှိမှာမို့လဲ။ သေပြီးတဲ့နောက်မှ ဘယ်သူ့ဆီကို ဖုန်းဆက်စရာအကြောင်းရှိလို့လဲ"

"အဲဒါ မင်းသဘောမပေါက်လို့ပေါ့ကွာ"

"ကဲ. . . ဒါဖြင့် ရှင်ကပဲ ရှင်းပြစမ်းပါဦး"

"လာ. . . ဒါဖြင့် ဒီနားတိုးထိုင်"

ဂျနီဖာသည် ခုတင်စွန်းတွင် တင်ပါးလွှဲဝင်ထိုင်လိုက်သည်။ အိပ်ရာပေါ်တွင် လဲလျောင်းနေသော ပေါလ်အား ငုံ့ကြည့်နေသည်။

"တစ်ခါတလေ တကယ်မသေဘဲ သေပြီထင်လို့ ဂူသွင်းတာမျိုး မြင်ခဲ့ဖူးတယ်လေ၊ မြောနေရာက သတိလည်လာခဲ့ရင် ဖုန်းဆက်ပြီး အကြောင်းကြားဖို့လေ"

ပေါလ်၏ နှုတ်ခမ်းထက်တွင် ညဦးပိုင်းက ပြင်ဆင်ထားခဲ့သော နှုတ်ခမ်းမွေးတုကို တပ်ဆင်ထားဆဲပင်။ ထိုနှုတ်ခမ်းမွေးတုမှာ တစ်ဝက်ခန့်ကွာလန်နေလေပြီ။

ဂျနီဖာက ထိုနှုတ်ခမ်းမွေးကို ဆွဲခွာသည်။

"အား . . . ဖြည်းဖြည်းခွာကွာ၊ အတော်နာတယ်"

"ရှင်က နာတယ်။ ကျွန်မကတော့ အဲဒီနှုတ်ခမ်းမွေးနဲ့ထိရင် စူးတယ်"

"အဲဒီအရသာမျိုး ငါတစ်ခါမှ မခံဖူးဘူး၊ မင်းနဲ့ နှုတ်ခမ်းမွေးနဲ့ဆိုရင် သိပ်ကြည့်လို့ ကောင်းမယ်ထင်တယ်"

"ဟုတ်ရဲ့လား"

ဂျနီဖာက မှန်ထဲတွင် လှမ်းကြည့်၍ နှုတ်ခမ်းမွေးတစ်ဖက်ကို သူမဘာသာ တပ်ကြည့်လိုက်သည်။

"ကဲ. . . ရှင့် မျက်စိကို မှိတ်ထားနော်"

ပေါလ်က ဂျနီဖာ၏ ပြုံးစိစိအမူအရာကို အကဲခတ်သည်။

"ဘာလုပ်မလို့လဲ ဂျနီဖာ"

"မှိတ်ဆို မှိတ်လိုက်ကွာ"

ဂျနီဖာက တိုက်တွန်းသည်။ ပေါလ်က မျက်စိမှိတ်လိုက်သည်။ ဂျနီဖာက

mgyoe.com

mgyoe.com

နူးညံ့သောလေသံဖြင့် တီးတိုးပြောလိုက်သည်။

"ဟိုးရှေးရှေးတုန်းကတဲ့ တိုင်းပြည်တစ်ပြည်မှာ မှော်အတတ်ကို တတ်ကျွမ်းတဲ့ မှော်ဘုရင်မတစ်ပါးရှိတယ်။ အဲဒီဘုရင်မက အဆိပ်ခတ်ထားတဲ့ ပန်းသီးကို ကျွေးလိုက်တဲ့အတွက် မနှင်းဖြူကလေးဟာ လဲကျသွားပါလေရော။ လူပုလေးခုနစ်ယောက်က မနှင်းဖြူလေး သေသွားပြီထင်ပြီး ငိုနေကြတုန်း မင်းသားလေးတစ်ပါး ရောက်လာသတဲ့ကွယ်။ မင်းသားလေးက အိပ်ပျော်နေတဲ့ အလှကလေးဆိုပြီး နမ်းလိုက်တော့. . ."

ဂျနီဖာက ပြောပြောဆိုဆိုနှင့် ဦးခေါင်း ငုံ့သွားသည်။

"နှုတ်ခမ်းမွေးတုက ယားလိုက်တာ"

ပေါလ်က တွန့်သွားသည်။

"အဲဒီလိုလည်း နမ်းလိုက်ရော မင်းသမီးကလေးဟာ အိပ်မောကျနေသလိုဖြစ်ရာက နိုးလာတော့တာပါပဲကွယ်"

"အဲဒီမင်းသားလေးက တော်တော်ချောလား"

ပေါလ်၏ အမေး။

"သိပ်ချော သိပ်လှ။ ဒါပေမဲ့ ကောလိပ်ကျောင်းကို မရောက်ဖူးဘူး"

ဂျနီဖာ၏ အဖြေဖြစ်သည်။

"ဒါပေမဲ့ အဲဒီမင်းသားလေးက မင်းသမီးကလေးကို ဘယ်လိုနှိုးရမလဲဆိုတာ နားလည်တယ်"

ပေါလ်က ဆက်လက် ဖြည့်စွက်လိုက်သည်။

ထို့နောက် လှုပ်ရှားလိုက်သည်။

မွေ့ရာ၏အထက် မျက်နှာကြက်တွင် ဆွဲထားသော ဆည်းလည်းကလေးများကို လေတိုးသောအခါ ညင်သာနူညက်သော အသံကလေးများ ဖြစ်ပေါ်လာကြသည်။

အရာခပ်သိမ်းပြည့်စုံနေသော ပေါလ်နှင့် ဂျနီဖာတို့ ဇနီးမောင်နှံ၏ဘဝသည် ပျော်မွေ့ကြည်နူးဖွယ်ရာ ဖြစ်နေလေတော့သည်။

* * *

mgyoe.com

mgyoe.com



# အခန်း [ ၃ ]

နံနက်ခင်းတွင် လေငြိမ်နေသည်။

အိပ်ရာထက်မှ ဆည်းလည်းကလေးများ လှုပ်ရှားမှု မရှိချေ။ ထို့ကြောင့် ဆည်းလည်းသံကိုပင် မကြားရ။ ဂျနီဖာသည် အိပ်ပျော်နေရာမှ လူးလွန့်လှုပ်ရှားလာသည်။ သူမ၏ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သည်။

သူမ၏ဘေးတွင် ပေါလ်ကို မတွေ့ရ။

ဂျနီဖာ၏ အခန်းနံရံမှ နာရီကို လှမ်းကြည့်သည်။

သူမအနေနှင့် အိပ်ရာထ နောက်ကျခဲ့ကြောင်း သိလိုက်ရသည်။ ထို့ကြောင့် ခုတင်ထက်မှ ဆင်းလိုက်သည်။ အပေါ်ဝတ်အင်္ကျီကို ခြုံ၍ ကွင်းထိုးဖိနပ်ကို စီးလိုက်သည်။ ပြတင်းပေါက်ဝတွင် သွား၍ ရပ်လိုက်လေသည်။

နွေးထွေးသော ဇွန်လ၏ အငွေ့အသက်များကို ရှူရှိုက်လိုက်သည်။

ထို့နောက် ပြတင်းပေါက်မှ ခွာခဲ့သည်။ အိပ်ခန်းထဲမှ ထွက်၍ လှေကားကြီးမှ ဆင်းလာသည်။ အိမ်ရှေ့ တံခါးမကြီးရှိရာသို့ လျှောက်သွားသည်။ တံခါးအပြင်ဘက်တွင် နယူးယောက်တိုင်းမ်စ် သတင်းစာကို အိမ်ရှေ့ လှေကားထစ်ပေါ်တွင် တွေ့ရသည်။

သတင်းစာကို ကောက်ကိုင်လိုက်စဉ် အိမ်ရှေ့ ပန်းဥယျာဉ်ထဲမှ စွင့်ကားလန်းဆန်းနေသော နှင်းဆီပန်းကြီးတစ်ပွင့်က သူမ၏မျက်စိအာရုံကို ဆွဲဆောင်လိုက်သည်။ ဂျနီဖာသည် ပန်းခြံထဲသို့ ဆင်းသွားသည်။ ပန်းဥယျာဉ်သည် အိမ်ရှေ့ အနိမ့်ပိုင်းတွင်ရှိသည်။ လှေကားထစ်သုံးထစ်မှ ဆင်းခဲ့ခြင်းဖြစ်သည်။ နှင်းဆီပန်း

mgyoe.com

ခူးရန် ကိုင်လိုက်စဉ်. . .

တစ်ဖက်ခြံမှ ခေါ်သံကို ကြားလိုက်ရသည်။

"မစ္စ မောင်ဂိုမာရီ"

ခြံချင်းကပ်လျက်တိုက်မှ အဘွားကြီးဖြစ်သည်။ ခြံစည်းရိုးနားတွင် ကပ်လျက် ရပ်နေသည်။ အနက်ရောင်ဝတ်စုံကို ဆင်မြန်းထားသည်။ အရပ်ပုပုပျပ်ပျပ်၊ ကိုယ်လုံး ညှက်ညှက်ဖြင့် ဖြစ်သည်။

နှင်းဆီပန်းခူးခိုက်တွင် အဘွားကြီးအား လှည့်ကြည့်မိခြင်းဖြစ်သောကြောင့် ဂျနီဖာ၏လက်ကို နှင်းဆီဆူး စူးမိသွားရသည်။

"ဘာကိစ္စလဲရှင်"

ဂျနီဖာက ဆူးစူးသောနေရာကို ငုံ့ကြည့်ရင်း မေးလိုက်သည်။

အဘွားကြီး၏ လေယူလေသိမ်းက နိုင်ငံခြားသူဖြစ်ပုံရသည်။ ဂျာမန်လူမျိုးဟု ဂျနီဖာ ထင်လိုက်သည်။ အိုမင်းမှုကြောင့် အဘွားကြီး၏ မျက်နှာတွင် အရေးအစင်းများ ထင်နေသည်။ သို့သော်လည်း ဖြီးလိမ်းခြယ်သထားသဖြင့် ငယ်စဉ်က ဆွဲဆောင်နိုင်သော အနေအထားမျိုး ရှိခဲ့ဖူးကြောင်း ခန့်မှန်းနိုင်သည်။ သို့ရာတွင် ယခုအခါ၌ သိမ်းငှက်မျက်နှာမျိုးနှင့် တူနေသည်။

"ကျုပ်ကို ခွင့်လွှတ်နော်၊ ရုတ်တရက်လှမ်းခေါ်မိတာကို စိတ်မရှိနဲ့သိလား၊ ကျုပ်အကျင့်က အဲဒီလိုပဲ၊ ဘာမပြော ညာမပြောနဲ့ သိပ်အလန့်တကြား လုပ်မိတတ်တယ်"

ဂျနီဖာက ဘာမှပြန်မပြောဘဲ နှင်းဆီဆူးစူးသော နေရာကလေးမှ သွေးစို့ထွက်လာသည်ကို မြင်ရသည်။ ထို့ကြောင့် သွေးစို့နေသော နေရာကို နှုတ်ခမ်းနှင့်တေ့၍ စုပ်လိုက်သည်။

ထို့နောက် အဘွားကြီးအား တစ်ချက်လှမ်းကြည့်သည်။

"ဘာပြောတယ်"

ဂျနီဖာက လှမ်းမေးသည်။ စောစောက အဘွားကြီးပြောသည့် စကားထဲသို့ အာရုံမရောက်ခဲ့သောကြောင့် သဲသဲကွဲကွဲ မကြားလိုက်ရချေ။

အဘွားကြီးသည် တစ်ဖက်ခြံ၏ မလွယ်ပေါက်မှ ဂျနီဖာတို့ခြံထဲသို့ ကူးဝင်လာသည်။ ပန်းဥယျာဉ်တွင်းသို့ ဆင်းလာပြီး ဂျနီဖာ၏မျက်နှာကို စေ့စေ့စပ်စပ် ကြည့်သည်။

mgyoe.com

"ဆောရီးပဲ မိန်းကလေး။ ကျုပ် မင်းကို အထိတ်တလန့်ဖြစ်သွားအောင် တမင်လုပ်တာ မဟုတ်ပါဘူးကွယ်၊ ပြီးတော့ မင်းရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို စပ်စုတာ မဟုတ်ဘူးနော်။ မင်း အမြဲတမ်း နှုတ်ခမ်းမွေးအတုကို တပ်လေ့တပ်ထ ရှိသလားဟင်"

"နှုတ်ခမ်းမွေးအတု ဟုတ်လား"

ဂျနီဖာ၏လက်က သူမ၏ အထက်နှုတ်ခမ်းမွေးကို စမ်းသပ်မိသည်။ ထို့နောက် ရှက်ကိုးရှက်ကန်းဖြင့် ရယ်မောလျက် နှုတ်ခမ်းမွေးတုကို ဆွဲခွာလိုက်သည်။

"တော်တော်တော့ ဆန်းကြယ်တဲ့ ကိစ္စတစ်ခုပဲနော်။ ကျုပ်တော့ အဲဒီလို နှုတ်ခမ်းမွေးတပ်ထားရတဲ့ အကြောင်းဟာ ဘာကြောင့်ဖြစ်ရတယ်ဆိုတာကိုတောင်မှ စဉ်းစားလို့မရတော့ဘူး"

အဘွားကြီးက ထပ်ပြောသည်။

ဂျနီဖာက. . .

"ကျွန်မလည်း ရှင်းမပြတတ်တော့ပါဘူးရှင်"

ဟူ၍ စူးစူးဝါးဝါး ပြောလိုက်သည်။ နေရာတကာ စပ်စုသော မစ္စဘီတိုင်း (ခေါ်) သိမ်းငှက်မျက်နှာကို ကြည့်၍ ပြောလိုက်ရာမှ မျက်နှာလွှဲလိုက်သည်။

"နှုတ်ခမ်းမွေးတု တွေ့လိုက်ရတာနဲ့ မေးမယ့်ကိစ္စတောင် ပျောက်သွားတယ်၊ ကျုပ်ရဲ့ ဗလင်တီနို ဒိခြံဘက်များ ရောက်လာသလားလို့ပါ"

"ဗလင်တီနို ဟုတ်လား"

ရှေးဟောင်း အသံတိတ်ခေတ်က မင်းသား၏ အမည်မျိုး။

"ဟုတ်တယ်လေ။ ကျုပ်တို့ခေတ်က ရုပ်ရှင်မင်းသား ဗလင်တီနိုကို အရမ်းစွဲတာ၊ သူပါတဲ့ကားတွေကို တစ်ကားမှ မလွတ်ဘူး၊ အခု သူဆုံးသွားရှာပြီလေ။ ဒါကြောင့် သူ့ကို ဂုဏ်ယူတဲ့အနေနဲ့ ကျုပ် သိပ်ချစ်တဲ့ ကြောင်ကလေးကို ဗလင်တီနို လို့ နာမည်ပေးထားတာ"

အဘွားကြီးက စပ်စုရုံမျှမက. . .

စကားကြောလည်း ရှည်သည်။

သူတစ်ပါး လက်ခံစကား ပြောချင်မှန်းမသိ အလိုက်ကန်းဆိုးမသိ။

"ကျွန်မ အဘွားကြောင်ကို မတွေ့မိပါဘူးရှင်"

"မတွေ့ဘူး၊ ဒါဆို ဘယ်များလျှောက်သွားနေပါလိမ့်"

mgyoe.com

mgyoe.com

ပြောပြောဆိုဆိုနှင့် အဘွားကြီးသည် ကြောင်နာမည်ကိုခေါ်ရင်းထွက်သွားသည်။ ဂျနီဖာက သူမ၏ ပန်းဥယျာဉ်ထဲတွင် လျှောက်သွားစဉ်-

"ဒီမှာရှင့်"

ဟူသော မိန်းမပျိုတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

နောက်ထပ် အနှောင့်အယှက်တစ်ခုဟု ဂျနီဖာ တွေးမိသည်။

မိမိခြံထဲတွင် လွတ်လွတ်လပ်လပ် မနေရပါလား ဟူသောအတွေးဖြင့် ဆတ်ခနဲ အသံလာရာသို့ လှည့်ကြည့်လိုက်သည်။

ပန်းဥယျာဉ်အဝတွင် မိန်းမပျိုတစ်ယောက် ဂျနီဖာထက် ငယ်ပုံရသည်။

သူမ ဘာကြောင့် ရောက်နေတာလဲ။ ဘာလိုချင်လို့လဲ။ သူမ ဘယ်သူလဲ။

"ဒယ်ဒရီနဲ့ တွေ့ချင်လို့ပါ၊ ကျွန်မနာမည် လီဆာပါရှင်"

ဂျနီဖာ၏အတွေးကို မိန်းမပျိုက ပြုံးလျက် အဖြေပေးလိုက်သည်။

"ကဲ. . . ဒီနေရာမှာ ရပ်ပြီး စကားပြောရတာ မကောင်းပါဘူး။ အိမ်ထဲကို သွားကြစို့"

ဂျနီဖာက ဦးဆောင်၍ အိမ်ထဲသို့ဝင်ခဲ့ကြရင်း ဂျနီဖာက နောက်သို့လှည့်၍ မေးလိုက်သည်။

"ဒယ်ဒရီစိန်ဂျိမ်းစ်ကို တွေ့ချင်လို့ ဟုတ်လား"

"ဟုတ်ပါတယ်၊ သူ့မှာ ကလေးနှစ်ယောက်ရှိပါတယ်။ တစ်ယောက်က ယောကျ်ားလေး၊ နောက်တစ်ယောက်က မိန်းကလေး၊ ဒယ်ဒရီက ကြုံကြိုက်တဲ့အခါ သူမအိမ်မှာ တည်းနိုင်ပါတယ်ဆိုလို့ လာခဲ့တာပါ၊ ဒီမြို့မှာ ကျွန်မအသိ မရှိပါဘူး။ သူမအိမ်ကလွဲလို့ တခြားတည်းစရာအိမ် မရှိပါဘူးရှင်"

ဧည့်ခန်းဆောင်အဝင်ဝတွင် သက်ရှိလူအရွယ် ပလတ်စတာ ရုပ်တုကြီး တစ်ခုရှိသည်။ ရုပ်တုကြီး၏လက်ကို ဆန့်တန်းထားသည်။ လက်ပေါ်တွင် နံနက်စာ ပြင်ဆင်ထားသော ငွေလင်ပန်းတစ်ချပ်ရှိသည်။

ဂျနီဖာက ငွေလင်ပန်းကို လှမ်းယူ၍ မိန်းမပျိုအား ခဏစောင့်ရန် ပြောပြီးနောက် ထမင်းစားခန်းသို့ ဝင်သွားသည်။

မိန်းမပျိုသည် ဧည့်ခန်းထဲတွင် ထိုင်လျက်သား ကျန်ရစ်ခဲ့သည်။

ခေတ္တမျှကြာသောအခါ တစ်ယောက်တည်းထိုင်နေသော မိန်းမပျိုသည် ထိုင်ရာမှထ၍ ဧည့်ခန်းဆောင်ထဲတွင် လျှောက်ကြည့်သည်။

mgyoe.com

mgyoe.com


ရှေးကျသော အိမ်ထောင်ပရိဘောဂများနှင့် ခေတ်မီဒီဇိုင်းဖြင့် ပြုလုပ်ထားသော အသုံးအဆောင်များ ရောထွေးနေသည်ကို တွေ့ရသည်။

သူမ၏လက်ထဲတွင် ကိုင်ဆောင်ထားသော သေတ္တာအနက်ကလေးကို နီးရာစားပွဲပေါ်သို့ ချသည်။ ဝိတိုရိယခေတ် အသုံးအဆောင်ဖြစ်သော မှန်သုံးချပ်တပ် မှန်တင်ခုံရှေ့တွင် ရပ်ကြည့်သည်။

အလယ်မှ မှန်ကို အတည့်ထား၍ ဘေးတစ်ဖက်တစ်ချက်မှ မှန်များကို အနည်းငယ် စောင်း၍ တပ်ဆင်ထားသည်။ ထို့ကြောင့် သူ့ကိုယ်ကို သုံးကိုယ်ခွဲ၍ မြင်ရသည်။ သူမ ပြုံးလိုက်သောအခါ မှန်ထဲမှ မိန်းမပျိုသုံးယောက်က ပြန်လည်ပြုံးပြနေသည်။

*

စာကြည့်ဆောင်ထဲတွင် ပေါလ်ကို တွေ့ရသည်။

ဂျနီဖာက နံနက်စာ ထည့်ထားသော ငွေလင်ပန်းကို ပေါလ်၏ဘေးဘက်စားပွဲပေါ်သို့ ချပေးလိုက်သည်။ ပေါလ်သည် သားရေဖုံး ကုလားထိုင်တွင် စာရင်းဇယားများဖြင့် အလုပ်ရှုပ်နေသည်။ ခေါင်းမဖြီးရသေးသောကြောင့် ဆံပင်များ ဖွာလန်ကြဲနေသည်။

"ရှင်နိုးတာ ကြာပြီလား"

ပေါလ်က ခေါင်းတစ်ချက်ညိတ်ပြသည်။ သူ့စာရင်းတွင် ခေါင်းမဖော်နိုင်ချေ။

သူ၏ရှေ့မှာ နာရီနှင့်တွဲထားသော ရေဒီယိုမှ စတော့ခ်မားကက်၏ အရှုံးအမြတ်ငွေ ဈေးအတက်အကျကို ကြေညာနေသည်။ ပေါလ်က ကြေညာချက်ကို ရေးမှတ်နေသည်။

"ငွေ. . . ငွေ။ ငွေကိစ္စတွေ"

ဂျနီဖာက သူမဘာသာပြောရင်း စာကြည့်ခန်းမှ ပြန်ထွက်လာသည်။ အခန်းတံခါးကို ဖြည်းညင်းစွာ ပြန်ပိတ်ခဲ့သည်။

ဧည့်ခန်းဆောင်သို့ ဂျနီဖာ ပြန်ရောက်လာသောအခါ မိန်းမပျိုအားသုံးဖက်မြင် မှန်ရှေ့တွင် ထိုင်နေသည်ကို တွေ့လိုက်ရသည်။

ဂျနီဖာ လျှောက်လာသည်ကို မြင်သောအခါ မိန်းမပျိုက ပြုံး၍မျက်ခုံးပင့်ကြည့်သည်။

mgyoe.com

mgyoe.com

"သိပ်ချစ်စရာကောင်းတဲ့ မှန်ပဲ။ ဒီခေတ်မှာ ဒါမျိုးမတွေ့ရတော့ဘူး။ ဒီဧည့်ခန်းမှာ ပြင်ထားတဲ့ ပစ္စည်းတွေကလည်း အရမ်းခမ်းနားတယ်။ အဖိုးထိုက် အဖိုးတန်တွေချည်းပဲ၊ ရှင် ဒီမှာနေတာကြာပြီလားဟင်"

"သိပ်ကို ကြာပြီလေ။ မွေးကတည်းက ဆိုပါတော့။ ဒါ တို့မိဘနှစ်ပါးရဲ့ အိမ်ပေါ့။ မိဘ ကွယ်လွန်သွားပြီးတော့ တို့ တစ်ယောက်တည်း ဆက်နေခဲ့တယ်။ ပထမတော့ ရောင်းမလို့ပဲ။ ဒါပေမဲ့ ပေါလ်နဲ့တွေ့တော့ လက်ထပ်ပြီး ဒီမှာပဲနေကြတယ်။ ပေါလ်က တို့ရဲ့ လင်ယောကျ်ားပါ။ တို့နာမည်က ဂျနီဖာ၊ မင်းနာမည်က ဘယ်သူလဲ"

"လီဆာ ရှင်ဒလာ။ ဒါပေမဲ့ လီဆာလို့လည်း ခေါ်နိုင်ပါတယ်"

"မင်းနဲ့ ဒယ်ဒရီနဲ့သိတာ ကြာပြီလား။ ဒယ်ဒရီဟာ မင်းမိတ်ဆွေလား"

"မိတ်ဆွေဆိုတာထက်တောင် ပိုပါသေးတယ်ရှင်"

လီဆာက ပြောပြောဆိုဆိုနှင့် နဖူးပြင်သို့ကျလာသော ရွှေရောင်ဆံပင်များကို လက်ဖြင့်သိမ်း၍ တင်လိုက်သည်။ ထို့နောက် လီဆာက ဆက်လက် ပြောလိုက်သည်။

"ကျွန်မက ဟို...ဘယ်လိုပြောရမလဲဆိုတော့ ဒယ်ဒရီရဲ့ အတိုင်ပင်ခံဆိုပါတော့။ တခြားအမျိုးသမီး တော်တော်များများက ကျွန်မကို အဲဒီလိုပဲ ပြောကြတယ်လေ"

ဂျနီဖာက နဖူးရေကို တွန့်လိုက်သည်။

"မင်းပြောတာ နားမရှင်းဘူး"

"ကျွန်မရှင်းပြပါမယ်။ ဟောဒီမှန်ထဲကို ကြည့်လိုက်စမ်းပါဦးရှင်"

ဂျနီဖာသည် သုံးဖက်မြင်မှန်ထဲသို့ ကြည့်လိုက်သည်။ မှန်တစ်ချပ်တွင် မိမိနှင့် လီဆာ။ မှန်သုံးချပ်မှ အမျိုးသမီးခြောက်ယောက်က မိမိကို ပြန်ကြည့်နေကြသည်။

လီဆာက ဆက်လက်၍ရှင်းပြလိုက်သည်။

"ဒယ်ဒရီလိုပဲ တခြားအမျိုးသမီးတွေဟာ သူတို့မှာရှိတဲ့ ပင်ကိုအလှကို ပိုပြီး တောက်ပချင်ကြတယ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်မှာရှိတဲ့ အမျိုးသမီးတိုင်းရဲ့ လှချင်စိတ်ကတော့ အတူတူပါပဲ၊ သူ့ခေတ် သူ့အခါနဲ့ အလှအပကို အတတ်နိုင်ဆုံး ဖော်ထုတ်ကြတာပဲ။ အစဉ်အမြဲ နုပျိုလန်းဆန်း နေချင်ကြတာပါပဲ။ ဒါကို

mgyoe.com

mgyoe.com


ဘယ်သူကမှ မငြင်းနိုင်ပါဘူး၊ အီဂျစ်နဲ့ ခေါမခေတ်တွေမှာဆိုရင် အလှအပကို အထောက်အကူပစ္စည်းတွေနဲ့ ပံ့ပိုးပြီး အလှပြင်ကြတယ်"

လီဆာက စကားပြောနေရာမှ ခေတ္တ ရပ်တန့်သည်။

ဂျနီဖာက လီဆာအား လေ့လာလိုက်သည်။

လီဆာသည် စားပွဲပေါ်တွင်ချထားသော သူမ၏ သေတ္တာအနက်ကလေးကို ဖွင့်လိုက်သည်။ သေတ္တာထဲတွင် အမျိုးသမီးအသုံးအဆောင် အလှပြင်ပစ္စည်းများနှင့် အလှဆီပုလင်းများကို တွေ့ရသည်။ သေတ္တာ၏ အတွင်းဘက် အဖုံးတွင် "မြို့စားကတော် ဒင်နီယယ်လ် အလှဆီ"

ဟူသော စာတန်းကို ဂျနီဖာက သတိပြုမိသည်။

"လက်စသတ်တော့ မင်းက အလှဆီရောင်းတဲ့ မိန်းမပဲ"

ဂျနီဖာက အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

သို့ရာတွင် လီဆာ၏မျက်နှာတွင် အပြောင်းအလဲ မရှိချေ။ ဆက်ပြောသည်။

"အဲဒီလို တွေးရင်လည်း ရပါတယ်။ ကလီယိုပါတရာတို့၊ ထရွိုင်မြို့က ဟယ်လင်။ နောက်ပြီး မဒမ်ဂျူတာရီတို့ရဲ့ အလှဟာလည်း အထောက်အကူပစ္စည်းနဲ့ မွမ်းမံခြယ်သခဲ့ကြတာချည်းပါပဲ။ ခေတ်တစ်ခေတ်မှာ အလှနဲ့ ကျော်ကြားခဲ့တဲ့ မြို့စားကတော် ဒင်နီယယ်လ်ရဲ့ လျှို့ဝှက်ချက်ကို အခြေခံပြီး ဖော်စပ်ထားပါတယ်။ သုံးကြည့်ပါရှင်။ အခု ရှင်တွေ့နေရတဲ့ မှန်ထဲကမျက်နှာကို သေသေချာချာ မှတ်ထားပြီးတော့ ဟောဒီ အလှကုန်ပစ္စည်းတွေနဲ့ မွမ်းမံခြယ်သပြီး မြင်ရမယ့် အလှကို ယှဉ်ကြည့်။ အဆပေါင်းများစွာ နုပျိုချောမောသွားတာကို လက်တွေ့မြင်ရပါလိမ့်မယ်"

ဂျနီဖာသည် စိတ်အနှောင့်အယှက် ဖြစ်လာသည်။

"မင်းစောစောက ပြောခဲ့တဲ့ ဒယ်ဒရီကို ရင်းနှီးတယ်ဆိုတာတောင်မှ တို့မယုံကြည်တော့ဘူး။ ဒယ်ဒရီကို မင်းအလှဆီတစ်ပုလင်း ရောင်းဖူးတာလောက်ပဲ ဖြစ်ရမယ်"

လီဆာသည် သေတ္တာထဲမှ ပုလင်းများ၊ သွားတိုက်ဆေးဘူးကဲ့သို့သော ဘူးများ၊ နှုတ်ခမ်းနီနှင့် အခြားအလှပြင်ပစ္စည်းများကို ထုတ်ပြနေရာမှ သူမ၏လက်သည် တုန်တုန်ယင်ယင်ဖြစ်လာသည်။ ဂျနီဖာအား မော့ကြည့်သည်။

ဂျနီဖာ ပြောဆိုသောစကားကို ငြင်းလည်းမငြင်း၊ အဖြေလည်းမပေး။

mgyoe.com

mgyoe.com

သို့ရာတွင်. . .

လီဆာ၏ မျက်ဝန်းထဲတွင် မျက်ရည်များရစ်ဝဲလာသည်။ ထို့နောက် သက်ပြင်းတစ်ချက် ချလိုက်ပြီး သူမ၏လက်ထဲမှ အလှပြင်ပစ္စည်းများကို တုန်ယင်စွာဖြင့် သေတ္တာထဲသို့ ပြန်ထည့်သည်။ ထုတ်ပြထားသောကြောင့် ရှုပ်ပွနေသည်ကို နေသားတကျ ပြုပြင်ထည့်သည်။ စာအုပ်ငယ်တစ်အုပ်ကို ဆွဲထုတ်သည်။

"ကျွန်မ အမှန်အတိုင်းပြောရရင် ဒယ်ဒရီကို ကျွန်မ လုံးဝမသိပါဘူး။ တစ်ခါမှလည်း မမြင်ဖူးပါဘူး။ ဒါပေမဲ့ ကျွန်မတို့မှာ နှစ်စဉ်မှတ်တမ်းရှိပါတယ်။ ကျွန်မတို့ ကုမ္ပဏီက အလှဆီမှာပြီး သုံးဖူးတဲ့လူတွေရဲ့ ကိုယ်ရေးမှတ်တမ်းပါ။ အဲဒီမှတ်တမ်းအရ ဆက်လက်ဆက်သွယ်ဖို့ ရောက်လာခဲ့တာပါ"

လီဆာက စာမျက်နှာများကို လှန်လှောရှာဖွေနေရာမှ စိတ်ထက်သန်စွာပြောသည်။

"ဟောဒီမှာ ဒယ်ဒရီ ဝုဖ်ဂလိပ်၊ ၁၉၆၃-ခုနှစ်က မှာယူအသုံးပြုဖူးတယ်။ ပြီးတော့. . ."

နောက်ထပ် စာမျက်နှာများကို လှန်လှောရှာဖွေရင်း . . .

"ဟောဒီမှာ ရှင် အိမ်ထောင်မကျခင်တုန်းက ကျွန်မတို့ အလှပြင်ပစ္စည်း သုံးဖူးတဲ့ မှတ်တမ်းနဲ့အတူ ဂျနီဖာ စကော့တေလာ၊ အဆင့်အတန်းရှိသည်။ အပြစ်တင်လွတ်သည်။ နှစ်ပတ်လည်စာစောင်တွင် အယ်ဒီတာအဖွဲ့ဝင် လုပ်ခဲ့ဖူးသည်။ အောင်မြင်မှုအတွက် စိုးရိမ်စရာအကြောင်း မရှိဘူး။ ပြဇာတ်အဖွဲ့အစည်း၏ နာယကအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ"

လီဆာက ဖတ်ပြပြီးနောက် ဆက်လက်ပြောလိုက်သည်။

"ဒီလောက်တောင်မှ နောက်ခံကောင်းတဲ့ အမျိုးသမီးကြီးဆီမှာ ကျွန်မပစ္စည်းလေးတွေ ရောင်းရင် စွံမှာပဲဆိုပြီး ရောက်လာခဲ့တာပါရှင်"

လီဆာ၏အသံက အဆုံးသတ်တွင် တိမ်ဝင်သွားသည်။ မျက်နှာညိုးငယ်စွာဖြင့် ပြောလိုက်သည်။

ဂျနီဖာက နှိမ့်ချသောအကြည့်ဖြင့် ကြည့်၍ပြုံးသည်။

လီဆာက နောက်ဆုံးကြိုးစားသည့်အနေဖြင့် ထပ်မံပြောဆိုသည်။

"ကျွန်မ ဒီမြို့ကို ရောက်လာခဲ့တာ တကယ်ပဲ နေစရာမရှိ၊ အသိမရှိဘူးဆိုတာအမှန်ပါပဲရှင်။ ရှင့်အနေနဲ့ အခုလက်ရှိ သဘာဝအလှကို ဖြီးလိမ်းခြယ်သခွင့်

mgyoe.com

mgyoe.com

ပြုမယ်ဆိုရင် ကျွန်မ အမှန်အတိုင်း ပြောတာပါ။ အရမ်းကို သိသိသာသာ နူပျိုချော မွေ့လာမှာပါ"

ဂျနီဖာက အင်းမလှုပ်၊ အဲမလှုပ် ငြိမ်နေသည်။

လီဆာက သေတ္တာကလေးကို ပြန်ပိတ်၍ ထိုင်ရာမှ ထလိုက်သည်။ သို့ရာတွင် သူမ၏ ဒူးတစ်ဖက် ညွတ်ကျ၍ ခေါက်ကွေးသွားသည်။ လီဆာက ကမန်းကတန်းဖြင့် စားပွဲစွန်းကို အားပြုဆုပ်ကိုင်ထားလိုက်သဖြင့် သမံတလင်းပေါ် သို့ မကျခြင်းဖြစ်သည်။

လီဆာက အားယူ၍ ခြေကိုဆန့် ထလိုက်သည်။ ရှေ့သို့ ခြေလှမ်းလိုက်သည်။ အကြောများဆိုင်းနေသည့်ပမာ သူမ၏ဒူးသည် တုန်တုန်ယင်ယင်ဖြစ်နေဆဲပင်။

"မင်း ခြေထောက်က လျှောက်လို့ရပါမလား"

ဂျနီဖာက လှမ်းမေးသည်။

"ရမှာပါ၊ တစ်ခါတစ်ခါ ကြာကြာထိုင်ရာမှ ထလိုက်ရင် အကြောတွေ ဆိုင်းနေတတ်တယ်။ ဆက်လျှောက်သွားရင် ဘာမှမဖြစ်ပါဘူး၊ အံ့သြစရာ တော့လည်း အကောင်းသား။ စိတ်က ခန္ဓာကိုယ်ကို ထိန်းသိမ်းတယ်ဆိုပေမယ့် ကျွန်မ ခြေထောက်ကတော့ အဲဒီအယူအဆကို လက်ခံချင်ပုံ မရဘူးရှင့်"

"ဒါဖြင့် ခဏလောက်ဆက်ထိုင်ပြီး အနားယူလိုက်ပါဦးလား"

"ကျေးဇူးတင်ပါတယ်ရှင်"

လီဆာသည် ပင်ပန်းနွမ်းနယ်သည့် လေသံဖြင့်ပြောကာ ထိုင်ခုံတွင် ပြန် ထိုင်နေလိုက်သည်။

ဂျနီဖာက လီဆာ၏ဘေးတွင် ဝင်ထိုင်သည်။ လီဆာ၏ လက်ဖဝါးကို ဆုပ်ကိုင်ကြည့်သည်။

"မင်း လက်တွေက အေးတိအေးစက်ကြီးပါလား"

"ကျွန်မ ဘယ်လိုလုပ်ပြီး ပြန်ရမှာလဲ၊ ဘယ်မှာသွားနေရမှာလဲဆိုတာ တွေးပြီး စိတ်မာတ်ကျနေလို့ ဖြစ်မှာပါ"

ဂျနီဖာ၏ နှလုံးသားထဲတွင် ကျဉ်ခနဲ ခံစားလိုက်ရသည်။

"မင်း ပစ္စည်းတွေကို ပြပါဦးကွာ"

လီဆာသည် သေတ္တာအနက်ကလေးကို ကမန်းကတန်း ဖွင့်သည်။

mgyoe.com

mgyoe.com

ပထမဆုံး ရေမွှေးပုလင်းကို ထုတ်ယူ၍ သွက်လက်စွာ အဖုံးဖွင့်လျက် ဂျနီဖာ၏ နှာခေါင်းဝသို့ တေ့ပေးသည်။

"ဒီရေမွှေးကို ရှင် ကြိုက်မှာပါ။ အရင်ကလည်း သုံးဖူးတာပဲ မဟုတ်လား။ မွှေးကြည့်လေ"

"တို့ ကြိုက်လိမ့်မယ်ဆိုတာ မင်း ဘယ်လိုလုပ်ပြီး သေချာပေါက်ပြောနိုင်သလဲ"

ဂျနီဖာက မေးလိုက်သည်။

"စိတ်အာရုံခံစားမှုပေါ့ရှင်။ အဲဒီစိတ်ပိုင်းဆိုင်ရာ ဂမ္ဘီရပညာတွေကို ပြောပြဖို့က သိပ်တော့မလွယ်ဘူးလေ။ ဒီပညာကို စိတ်ဝင်စားတဲ့သူ၊ ဒါမှမဟုတ် ယုံကြည်တဲ့လူမှ နားလည်နိုင်တာ"

ဂျနီဖာက လီဆာ၏မျက်လုံးကို လှမ်းကြည့်လိုက်သည်။ အပြာရောင်ဖျော့ဖျော့မျက်လုံးထဲတွင် တစ်စုံတစ်ရာကို လိမ်ညာပြောဆိုနေသည်ဟု ထင်မိသည်။

"ဟောဒီ ရေမွှေးဆပ်ပြာကိုလည်း ရှင် ကြိုက်မှာပါ၊ ဈေးကတော့ နည်းနည်းကြီးတယ်။ ငါးဒေါ်လာပဲ။ ဒါပေမဲ့ မိတ်ဆွေဖြစ် ကျွန်မ လျှော့ပေးပါ့မယ်။ ဒီပစ္စည်းကိုသုံးမိရင် လန်းဆန်းသန့်စင်ပြီး စိတ်ကြည်လင်မှုရစေမယ်။ ပေါင်ဒါလည်း ပါတယ်။ အားလုံးကတော့ စိတ်ကြည်လင် ချမ်းမြေ့စေဖို့ အဓိကရည်ရွယ် ပြုလုပ်ထားတာချည်းပါပဲ"

တစ်ခုပြီး တစ်ခုပြ၍ ညွှန်းဆိုနေသည်။ နားထောင်ရသည်မှာပင် ပင်ပန်းလာသည်။ ဤအလှပြင်ပစ္စည်းများကို ဂျနီဖာအနေနှင့် တစ်ခုမှမလိုအပ်ချေ။ သူမအနေနှင့် လိုချင်စိတ်လည်း မရှိ။ ထို့ကြောင့် လီဆာ၏ စကားမဆုံးမီ ဖြတ်ပြောလိုက်သည်။

"အဲဒါတွေအားလုံး တို့ ယူလိုက်မယ်"

လီဆာက မော့ကြည့်သည်။ ဂျနီဖာနှင့် မျက်လုံးချင်းဆိုင်မိကြသည်။ ဂျနီဖာ၏ မျက်လုံးထဲမှ အဓိပ္ပာယ်ကို ရှာဖွေနေသည်။ တိတ်ဆိတ်သော အချိန်ကာလလေးတစ်ခု ဖြစ်ပေါ်နေသည်။

တစ်ယောက်သဘောထားကို တစ်ယောက်နားလည်သွားသည်။

လီဆာ၏ နှုတ်ခမ်းထောင့်တွင် အသိရခက်သော အပြုံးတစ်ခု ဖျတ်ခနဲ

mgyoe.com

mgyoe.com


ပေါ်လာ၍ ချက်ချင်းပြန်ပျောက်သွားသည်။ လီဆာက ဂျနီဖာ၏လက်ကို လှမ်းယူဆုပ်ကိုင်လိုက်လေသည်။ သို့ရာတွင် စိတ်စနိုးစနောင့်ဖြစ်မိသောကြောင့် ဂျနီဖာသည် သူမ၏လက်ကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

"ဒါတွေကို ဝယ်လို့မရပါဘူးရှင်။ ဒီပစ္စည်းတွေက နမူနာပြဖို့ သက်သက်ပါ။ ရှင် ကြိုက်တယ်ဆိုရင် ကျွန်မတို့ ကုမ္ပဏီကို ကျွန်မ စာရေးပြီး အော်ဒါမှာပေးပါ့မယ်၊ ဒါဆိုရင် ကုမ္ပဏီက တစ်ပတ်အတွင်း အရောက်ပို့ပေးမှာပါ"

လီဆာက ထပ်မံ၍ သေတ္တာနက်ကလေးကို ပိတ်လိုက်ရပြန်သည်။

ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်သည်။ ဤတစ်ကြိမ်တွင် လီဆာ၏တစ်ကိုယ်လုံး ယိမ်းယိုင်လာသည်။ လီဆာက သူမ၏ နားထင်နှစ်ဖက်ကို သူမလက်ချောင်းများဖြင့် ထောက်ရင်း မျက်စိမှိတ်ထားရာမှ ဘေးတိုက်လဲလျောင်းကျသွားသည်။

ဂျနီဖာက အချိန်မီ လှမ်းဖက်လိုက်သည်။

ပြန်လည်ထိုင်စေရန်အတွက် ထိန်း၍ချပေးသည်။

"ကျွန်မ အခုတစ်လော အင်မတန်ချူချာတယ်။ အားနည်းနေတယ်။ ကဲ. . . ကျွန်မ ကုမ္ပဏီကို အော်ဒါမှာပေးမယ်။ ရှင့်နာမည်နဲ့ လိပ်စာအပြည့်အစုံရယ်၊ ရှင့်လက်မှတ်လည်းလိုတယ်"

လီဆာသည် သူမ၏ လက်ပွေ့အိတ်အတွင်းမှ စာရေးစက္ကူသဘောမျိုးအငယ်စားတစ်ရွက် ထုတ်ယူလိုက်သည်။ မြို့စားကတော် ဒင်နီယယ် အလှကုန်ခေါင်းစဉ်ပါ စာရွက်တစ်ရွက်ပေါ်တွင် ရေးချရန် ပြင်ဆင်နေဆဲမှာပင် ဦးခေါင်းလန်သွားသည်။

"နောက်မှရေးတာပေါ့ လီဆာ၊ ခဏနားပါဦး"

"မဖြစ်ဘူး။ အခုရေးမှဖြစ်မယ်။ ကျွန်မတို့ကုမ္ပဏီက အမြတ်ငွေကို အချိုးကျခွဲပေးတာရှင့်။ ကျွန်မ ဘာမှမရောင်းရင် ကျွန်မအတွက် ဝေစုရမှာ မဟုတ်ဘူး။ ကျွန်မလို ကိုယ်စားလှယ်တွေကို အမြို့မြို့အနယ်နယ်ကို ခွဲလွှတ်ထားတာ"

လီဆာက ပြောပြောဆိုဆိုဖြင့် ပစ္စည်းစာရင်းရေးပြီးနောက် ဂျနီဖာ၏လိပ်စာအပြည့်အစုံပေး၍ ရေးလိုက်သည်။ ဂျနီဖာ၏ လက်မှတ်ကို စာရွက်ထောင့်ဘက် မှာကြားသူလက်မှတ်နေရာတွင် ထိုးခိုင်းသလို ကိုယ်စားလှယ်လက်မှတ်နေရာတွင် လီဆာ ဆိုင်းထိုးသည်။

mgyoe.com

mgyoe.com

အမှာစာရွက်ကို ခေါက်၍ လက်ပွေ့အိတ်ထဲသို့ ပြန်ထည့်သည်။

သေတ္တာနက်ထဲမှ ဆပ်ပြာသုံးခဲကို လီဆာက ထုတ်ယူလိုက်သည်။

"ဟောဒီ ရေမွှေးဆပ်ပြာတွေကတော့ အပိုပါတယ်။ ရှင်က များများစားစား ဝယ်မယ့်သူဖြစ်နေတဲ့အတွက် ကျွန်မ မေတ္တာလက်ဆောင်ပေးပါ့မယ်"

ပြောပြောဆိုဆိုနှင့် လီဆာသည် ဆပ်ပြာသုံးခဲကို ဂျနီဖာထံသို့ လှမ်း၍ ပေးလိုက်စဉ် သူမ၏မျက်နှာ ငိုက်စိုက်ဖြစ်ရာမှ ခန္ဓာကိုယ်တစ်ခုလုံး ရှေ့သို့ ခေါက်ကွေးလျက် သမံတလင်းပေါ်သို့ ကျွမ်းထိုးမှောက်ခုံ ပစ်ကျ ငြိမ်သက်သွားသည်။

"လီဆာ. . . လီဆာ"

ဂျနီဖာသည် သူ၏ ဘေးတွင် ဒူးထောက်ထိုင်ချကာ သူမ၏ ဦးခေါင်းကို ဆွဲထူ၍ မျက်နှာကိုကြည့်သည်။ လီဆာ၏ မျက်ခွံပွင့်နေသော်လည်း မျက်ဆန်ကို မမြင်ရဘဲ မျက်ဖြူလန်နေသည်။

ဂျနီဖာက ကြောက်လန့်တကြားဖြစ်လာသည်။ သူမ၏ အိမ်ဂေဟာတွင် မသိသော အမျိုးသမီးတစ်ယောက်ရောက်လာပြီး ရုတ်တရက် သေဆုံးသွားမှဖြင့် ဟူသော စိုးရိမ်စိတ်ဖြင့် ဖြစ်သည်။

"ပေါလ်. . . ပေါလ်၊ မြန်မြန်လာပါဦး"

ဂျနီဖာ၏ အသံသည် တိတ်ဆိတ်သော အိမ်ဂေဟာအတွင်း၌ ပဲ့တင်ထပ်သွားလေတော့သည်။

* * *

mgyoe.com

mgyoe.com



# အခန်း [ ၄ ]

ပြေးလာသော ခြေသံများ။

ထိုခြေသံများနှင့်အတူ ပေါလ်သည် ဂျနီဖာ၏ဘေးသို့ ရောက်ရှိလာသည်။ ရပ်တန့်လိုက်၍ နဖူးပြင်မှ အဆီပြန်နေသည်ကို လက်ဖမိုးဖြင့် ပွတ်သပ်လိုက်သည်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"

"အဲဒီမေးခွန်းတွေကို ခဏဖယ်ထားစမ်းပါ။ ဒေါက်တာ ဝီလျံဆီကို ဖုန်းဆက် မြန်မြန်"

ပေါလ်က ဘာမှထပ်မမေးတော့ဘဲ တယ်လီဖုန်းရှိရာသို့ လျှောက်သွားသည်။ ဒေါက်တာဝီလျံ၏ ဖုန်းနံပါတ်ကို လှည့်၍ ခေါ်သည်။ အမြန်လာရန် အကြောင်းကြားသည်။

ထို့နောက် ဂျနီဖာ၏ဘေးသို့ ပြန်ရောက်လာသည်။ သူ၏ နဖူးကြောကို ရှုံ့ထားသည်။

"သူမက ဘယ်သူလဲ"

"လီဆာ. . . ရှင်ဒလာ"

"ဒါနဲ့တင် ပြီးရောလား။ ဘာဖြစ်လို့လဲ။ သူမ ဒီမှာ ဘာလာလုပ်တာလဲ"

"သူသတိလစ်သွားတယ်ထင်တာပဲ။ ဒေါက်တာ ဝီလျံလာရင်တော့ ဘာဖြစ်တယ်ဆိုတာ သိရပါလိမ့်မယ်"

ဂျနီဖာက အေးတိအေးစက်ကြီးဖြင့် ဖြေလိုက်သည်။

"လာပါလိမ့်မယ်"

mgyoe.com

 gyoe.com


ပေါလ်သည် ဖယောင်းရုပ်တုတစ်ခုပမာ ဖြူဖပ်ဖြူရော်ကြီးဖြစ်နေသော လီဆာ၏ မျက်နှာကို ငုံ့ကြည့်လိုက်သည်။

"မင်း မိတ်ဆွေလား။ ငါလည်း မသိပါလား"

ဂျနီဖာက စားပွဲပေါ်မှ လီဆာ၏ သေတ္တာအနက်ကလေးကို မေးငေါ့ပြသည်။

"သူမဟာ အလှကုန်ပစ္စည်းအရောင်းကိုယ်စားလှယ်"

"မင်း နောက်နေတာလား ဂျနီဖာ"

ဂျနီဖာက ပြုံးလုနီးပါးဖြစ်သွားသည်။ သို့ရာတွင် မပြုံးဖြစ်ချေ။

"ဟုတ်တယ်နော်။ အလှဆီရောင်းသူနဲ့လည်း မတူဘူးလို့ ကျွန်မ ထင်နေတယ်"

ပေါလ်က ခေါင်းညိတ်လိုက်သည်။ ဆံပင်ထဲသို့ လက်ချောင်းများထည့်၍ ထိုးဖွလိုက်ခြင်းဖြစ်သည်။ သူ၏ မျက်လုံးအကြည့်ကို လီဆာမျက်နှာပေါ်မှ မခွာဘဲ ပြောသည်။

"အေး . . . အလှဆီရောင်းသူနဲ့တော့ မတူဘူးကွ။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိန်းကလေးက အတော်လှနေလို့ပဲ"

သူ့စကားက တုံးတိတိဖြစ်သွားသည်။ ဂျနီဖာက သူ့ကို အကဲခတ်သည့် အနေနှင့် မော်ကြည့်လိုက်သည်။ လီဆာအား ငုံ့ကြည့်လျက် ဆက်ပြောသည်။

"ဒါထက်နေစမ်းပါဦး။ ဒီမိန်းကလေးက အလှဆီရောင်းတယ်ပဲ ထားပါတော့၊ မင်းက ဘာဖြစ်လို့ အိမ်ထဲအထိခေါ်ပြီး လက်ခံထားလိုက်ရတာလဲ"

ထိုအခိုက်အတန့်တွင် ဂျနီဖာပွေ့ထားသော လက်ထဲမှ လီဆာက မျက်လုံးမှိတ်တုတ်မှိတ်တုတ် ဖြစ်လာသည်။ မျက်လုံးပြာကြီးတစ်ခုဖြင့် ပေါလ်အား မော့ကြည့်သည်။ ပေါလ်နှင့် အကြည့်ချင်း ဆုံမိကြသည်။ လီဆာက အဓိပ္ပာယ်စဉ်းစား၍မရသော အကြည့်ဖြင့် ငေးစိုက်ကြည့်နေ၏။

"မင်းကို တို့က အဲဟို ခုံတန်းလျားပေါ်တင်လိုက်မယ်။ မင်းဘာမှမစိုးရိမ်နဲ့"

လီဆာ၏ ဦးခေါင်း ကြွလာသည်။

"ကျွန်မ ဘာမှမဖြစ်တော့ဘူး၊ ကျွန်မကို တစ်ယောက်ယောက်က ကျိန်ဆဲထားလို့ အခုလိုဖြစ်နေတာလားမသိဘူး"

လီဆာသည် ဂျနီဖာ၏ လက်များကိုဖယ်၍ ထိုင်လိုက်သည်။

mgyoe.com

ဂျနီဖာနှင့် ပေါလ်က လီဆာအား တစ်ဖက်တစ်ချက်စီ တွဲ၍ ခုံတန်းလျား ပေါ်သို့ တင်ပေးလိုက်သည်။ ခုံတန်းလျားပေါ်သို့ ရောက်သောအခါ ဆတ်ခနဲ ဦးခေါင်းနောက်လန်၍ ဘေးစောင်း လဲကျသွားသည်။

ဧည့်ခန်းထဲသို့ပို့ရန်။

ဂျနီဖာက ဆွေးနွေးသည်။

"မလိုပါဘူးကွာ"

"သူမ အတော့်ကို ကျန်းမာရေး ချို့တဲ့နေတယ်ထင်တယ်"

"ဒါပေမဲ့ ဧည့်ခန်းဟာ သူမအတွက် နောက်ဆုံးနေရာ ဖြစ်တော့မယ်"

"အို. . . ပေါလ်. . . ရှင်ဘယ်လိုပြောလိုက်တာလဲ"

"ဒါ တို့အတွက် သက်သက်မဲ့ ပြဿနာက အိမ်ပေါ်တက်လာတာမျိုးပဲ တကယ်လို့ ဒီမိန်းကလေးဟာ နှလုံးရောဂါသည်ဆိုရင် ဘယ်လိုလုပ်မလဲ။ ရုတ်တရက်ကြီး အသက်ထွက်သွားရင်တော့ ရဲကို အကြောင်းကြားရတော့မယ်။ ပြီးတော့ သေမှုသေခင်းစစ်တဲ့ ပုဂ္ဂိုလ်နဲ့ တွေ့ရမယ်။ မေးခွန်းတွေ တစ်သီကြီး ဖြေရမယ်၊ အဖြေမတတ်ရင် အလိုလိုနေရင်း တို့အပေါ် အမှုလာပတ်မယ့်ကိစ္စ။ မင်း နားလည်လား"

"ရှင် သိပ်အတွေးအခေါ် ကောင်းနေပါလား ပေါလ်၊ မိန်းမသားတစ် ယောက် သွားရင်းလာရင်း ဒုက္ခရောက်နေတာကို ကူညီရမှာကြောက်တဲ့ လူစားမှန်း ကျွန်မ အခုမှသိရတယ်"

ဂျနီဖာ၏ ငေါ့သံကြောင့် ပေါလ်က မျက်ခုံးပင့်၍ အကဲခတ်သည်။

"ဒီတစ်ချက်တော့ မင်း ငါ့ကို ရေရေလည်လည် နှိပ်လိုက်တာပဲ။ မင်းရဲ့ ကြင်နာမှုကို လေးစားပါတယ် ဂျနီဖာ"

ပေါလ်က ပြောင်ချော်ချော်ဖြင့် ဦးညွှတ် အလေးပြုသည်။

"စကားတွေ သိပ်ပြောမနေနဲ့။ လီဆာကိုပွေ့ပြီး အိပ်ခန်းအလွတ်တစ်ခုမှာ နေရာချမယ်။ ကောင်မလေးကိုယ်က သိပ်မလေးပါဘူး"

*

"စိုးရိမ်စရာမရှိပါဘူး"

ဒေါက်တာဝီလျံက ဆေးသေတ္တာကို ပြန်ပိတ်လိုက်သည်။ သူ၏ အညို

mgyoe.com

mgyoe.com

ရောင်မျက်လုံးများသည် ထူထဲသော မျက်မှန်၏နောက်တွင် နစ်မြုပ်နေလေသည်။

"နေပူရှိန်ကြောင့် ဖြစ်ပေါ်တဲ့ဝေဒနာပါ။ အပူမိသွားတဲ့ သဘောမျိုးပေါ့။ ရက်အနည်းငယ်လောက် အနားယူဖို့တော့ လိုလိမ့်မယ်"

ဒေါက်တာဝီလျံက ဂျနီဖာနှင့်ပေါလ်တို့အား တစ်လှည့်စီကြည့်ရင်း ပြောလိုက်သည်။

လီဆာက မျက်လုံးဖွင့်ကြည့်သည်။ ဒေါက်တာဝီလျံက လီဆာအား ငုံ့ကြည့်သည်။

"အေးအေးဆေးဆေး အနားယူလိုက် မိန်းကလေး၊ တစ်ပတ်လောက်ဆိုရင် မင်းသွားချင်ရာကို သွားလို့ရပြီ နားလည်လား၊ ဒီအတောအတွင်း လျှောက်သွားရင်တော့ ဆေးရုံတက်ရမှာ သေချာတယ်"

ထို့နောက် ဒေါက်တာဝီလျံသည် ဧည့်ခန်းဆောင်ကိုဖြတ်၍ တံခါးမကြီးရှိရာသို့ လျှောက်သွားသည်။ ပေါလ်က ဆေးသေတ္တာကို ဆွဲ၍ အိမ်အပြင်ဘက်အထိ လိုက်ပို့ပေးပြီးနောက် ပြန်ဝင်လာသည်။ လီဆာအတွက် သီးသန့်အခန်းထဲတွင် နေသားတကျ ဖြစ်နေလေပြီ။

"မင်း ဘယ်မှမသွားနဲ့တော့၊ ဒီအိမ်မှာပဲ နေလိုက်။ မင်းရဲ့အိမ်လိုပဲ သဘောထားပြီး ဝေဒနာသက်သာတဲ့အထိ နေပေါ့။ ဒါကို တို့နှစ်ယောက်စလုံး သဘောတူပါတယ်။ မင်း တစ်ယောက်တည်းအတွက် ဘာမှ တာဝန်မကြီးပါဘူး။ ဟုတ်လား ပေါလ်"

ပေါလ်က ဦးခေါင်းကို နွေးနွေးကွေးကွေး လေးလေးပင်ပင်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

လီဆာ၏မျက်နှာတွင် ကြည်နူးရိပ်သန်းသွားလေတော့သည်။

ပေါလ်သည် ဂျနီဖာအနီးမှ ခွာထွက်သွားသည်။

"ကဲ . . . မင်းလည်း စကားပြောဖော်ရပြီ၊ မိန်းမချင်း လွတ်လွတ်လပ်လပ် ပြောကြနေကြပေတော့။ ငါလည်း လွတ်လွတ်လပ်လပ် ယောကျ်ားအချင်းချင်း ဆွေးနွေးစရာရှိလို့ ဂျီယင်နယ်လီကို သွားတွေ့လိုက်ဦးမယ်။ ပန်းချီကားကိစ္စအတွက်ပါ"

"ရှင် သိပ်ကြာမှာလား"

ဂျနီဖာက မကျေမနပ်သံဖြင့် မေးသည်။

mgyoe.com

"အချိန်အတိအကျပြောလို့တော့ မရဘူးပေါ့ကွာ။ ဒါပေမဲ့ ကိစ္စပြီးပြီးချင်း ပြန်လာမှာပါ၊ ဂျနီဖာ ခဏ"

ပေါလ်က လီဆာနှင့်ဂျနီဖာကို တစ်လှည့်စီကြည့်၍ ဂျနီဖာအား လှမ်းခေါ်သည်။ ခန်းမကြီးမှ စောင့်နေလိုက်သည်။ ဂျနီဖာရောက်လာသောအခါ ပေါလ်က လေသံဖြင့် ပြောသည်။

"မင်းပြောတဲ့စကားကို ငါမကြိုက်ဘူး ဂျနီဖာ။ ဒီမိန်းကလေးနဲ့ တွေ့တာမှ မကြာသေးဘူး။ ကိုယ့်အိမ်လိုသဘောထား ဘာညာဆိုတာတွေ ငါသဘောမကျဘူး"

"ရှင်တကယ်ပြောနေတာလား ပေါလ်"

"မင်းမယုံရင် ငါအခုချက်ချင်း ဒီကောင်မလေးကို မောင်းထုတ်ပြမယ်လေ"

"အဲလိုတော့ မလုပ်လိုက်ပါနဲ့ရှင်။ သူ့ခမျာ အသက်ထွက်သွားလို့ ကျွန်မတို့ ပြဿနာရှင်းနေရဦးမယ်"

"ဒီမှာ ဂျနီဖာ၊ ဒီအိမ်ဟာမင်းအိမ်၊ ဒါပေမဲ့ လင်ယောကျ်ားဖြစ်တဲ့ ငါနဲ့လည်းဆိုင်နေတယ်။ ဒီအိမ်ကြီးမှာ တို့နှစ်ယောက်ကလွဲလို့ တခြားသူစိမ်းကို လက်မခံချင်ဘူးဆိုတာ မင်းအသိပဲ၊ တို့အပေါင်းအသင်းတွေဆိုရင် အပြင်မှာပဲ သွားတွေ့တယ်။ ဘယ်တော့မှ အိမ်ခေါ်မလာတာ မင်းသိတယ် မဟုတ်လား"

"ဒါပေမဲ့ ပေါလ်ရယ်။ ကျွန်မမှာ ငွေတွေရှိနေတယ်။ ရှင် အပြင်သွားရင် မိန်းမချင်း တိုင်ပင်ဖော်တိုင်ပင်ဖက်မရှိဘူး။ ကျွန်မတစ်ယောက်တည်းနေရရင် စိတ်ချောက်ချားတတ်တာ ရှင် သိပြီးသားပဲ။ ကျွန်မအတွက်. . ."

ဂျနီဖာ၏စကားမဆုံးမီ ပေါလ်က ဖြတ်ပြောသည်။

"ဘာလဲ. . . မင်းအတွက် သက်ရှိ အရုပ်ကလေးတစ်ရုပ် ဝယ်မယ့်သဘောလား ဂျနီဖာ"

"ဆိုပါတော့ရှင် အင်မတန်လှတဲ့အရုပ်ကလေး၊ ရှင့် စိတ်ကိုနိုင်အောင် ထိန်းဖို့တော့လိုလိမ့်မယ်"

"မင်းသဘောအတိုင်းပါပဲ ဂျနီဖာ၊ မင်းအိမ်၊ မင်းငွေတွေ ပြီးတော့ ငါ့ကိုလည်း မင်းက သက်ရှိကစားစရာ ယောကျ်ားအရုပ်တစ်ရုပ်အဖြစ် ဝယ်ခဲ့တာ မဟုတ်လား"

ပေါလ်က ပြောပြောဆိုဆိုဖြင့် ဆက်လက် ထွက်ခွာသွားလေတော့သည်။

ဂျနီဖာက လီဆာ၏ အိပ်ခန်းထဲသို့ ပြန်ဝင်ခဲ့သည်။ လီဆာအား ဖြုံးပြ

mgyaw.com

လိုက်သည်။ လီဆာက ပြန်လည်ပြုံးပြသည်။ လီဆာသည် ခုတင်ပေါ်ရှိ အိပ်ရာထက်တွင် လဲလျောင်းနေသည်။

"ရှင့်ယောက်ျားက ပန်းချီဆရာလား ဂျနီဖာ"

"ဘာဖြစ်လို့လဲ လီဆာ"

"ဩော်. . . ဘာမှမဟုတ်ပါဘူး။ အိမ်ထဲမှာလည်း ပန်းချီကားတွေ အများကြီး ချိတ်ထားတယ်။ ပြီးတော့ သူ့မိတ်ဆွေနဲ့ ပန်းချီကားကိစ္စ ဆွေးနွေးဖို့သွားဦးမယ် ဆိုလို့ပါ"

"အဖိုးတန်တဲ့ ရှေးဟောင်းပန်းချီကားတွေကို သူက တန်ဖိုးကြီးကြီးပေးပြီး စုဆောင်းတာဝါသနာပါတယ်။ ပြီးတော့ နည်းနည်းပါးပါး ဆွဲတတ်တယ်။ ဒါကြောင့် ပန်းချီကားအကြောင်းကို နားလည်တာပေါ့"

"ဒါပေမဲ့ ဂျနီဖာကလည်း သူ့ဝါသနာကို အားပေးလို့သာ အခုလို သူ့ပန်းချီကား စုဆောင်းတဲ့နေရာမှာ မကန့်ကွက်တာပေါ့။ ဒါကြောင့် ဂျနီဖာမှာ အနုပညာစိတ်ရှိနေတယ်။ ကျွန်မထင်တာကိုပြောရရင် ဂျနီဖာရဲ့ မွေးနေ့ နက္ခတ်က ချိန်ခွင် ဖြစ်လိမ့်မယ်"

ဂျနီဖာ၏မျက်နှာက ဝင်းထိန်၍ အံ့ဩသွားသည်။

"ဟုတ်တယ်။ မင်းဘယ်လိုလုပ်ပြီးသိသလဲ လီဆာ။ မင်းနဲ့တို့က အခုမှ စပြီး. . ."

"ခန့်မှန်းကြည့်တာပေါ့ရှင်"

ဂျနီဖာသည် လီဆာအပေါ်တွင် အနည်းငယ် အထင်ကြီးသွားသည်။ လီဆာ အိပ်ရာဘေးဘက် ခုတင်စွန်းတွင် ဝင်ထိုင်လိုက်သည်။

"မှန်းကြည့်တာက ဒီလောက် တိတိကျကျ သိနိုင်သလား"

ဂျနီဖာက မယုံကြည်သည့်သဘောမျိုးဖြင့် မေးလိုက်ခြင်းဖြစ်သည်။

လီဆာက ပြုံး၍ကြည့်နေသည်။ ဂျနီဖာ၏ မေးခွန်းများကို အဆင်ပြေပြေ ဖြေနိုင်ရန် စဉ်းစားလိုက်သည်။ ဂျနီဖာက သူမ၏အဖြေကို စောင့်စားနေသည်။

"ဒါဆိုရင် ရှင် နက္ခတ်ဗေဒနဲ့ပတ်သက်တဲ့ ဝေဒပညာ ယုံကြည်သလား။ စိတ်ကို စိတ်နဲ့ဖတ်တဲ့ပညာ၊ တမလွန်ဘဝရောက်သွားသူနဲ့ ဆက်သွယ်တာတွေကို လက်ခံသလား"

"အဲဒါတွေ တို့မသိဘူး။ နားလည်ဖို့ကော လိုလို့လား"

mgyoe.com

ဂျနီဖာက ဇဝေဇဝါဖြင့် ပြန်မေးလိုက်သည်။

လီဆာက...

"ကျွန်မ လူလားမြောက်ခဲ့ရတဲ့ အရပ်မှာဆိုရင် အဲဒီပညာရပ်တွေနဲ့ ပတ်သက်လို့ ယုံကြည်တဲ့ကိစ္စမှာ သံသယ မရှိကြဘူး"

"ဟုတ်လား။ ဒါဖြင့် လီဆာက ဘယ်အရပ်ဒေသမှာ ကြီးပြင်းခဲ့ရတာလဲ"

လီဆာက သက်ပြင်းတစ်ချက်ချသည်။

"ပြောရမယ့်ဇာတ်လမ်းကတော့ အင်မတန် အင်မတန် ရှည်လျားတယ်။ အခုလောလောဆယ် ကျွန်မ မောနေလို့ နောက်တော့မှ ပြောပါရစေ ဂျနီဖာရယ်"

"အို...ဆောရီးပဲနော်၊ မင်းပြောချင်တဲ့အခါကျပြောပေါ့။ ကဲ... လွတ်လွတ်လပ်လပ် အနားယူလိုက်ဦး၊ တို့သွားမယ်"

ဂျနီဖာက ထိုင်ရာမှထဟန်ပြင်သည်။

လီဆာက လှမ်း၍တားသည်။

"ကျေးဇူးပြုပြီး မသွားပါနဲ့ဦး ဂျနီဖာ"

လီဆာသည် ခေါင်းအုံးကိုထောင်၍ မှီအုံးသဖွယ်ပြုပြင်သည်။

"ကျွန်မမှာ အံ့သြစရာကောင်းတဲ့ ရှေးဟောင်း ရုပ်ပုံကားတွေ ရှိတယ်။ ရှင့်ကို ပြရဦးမယ်။ ပြီးတော့ ထူးထူးဆန်းဆန်း အဝတ်အထည်တွေလည်း ရှိတယ်။ အဲဒါတွေကိုလေ ကျွန်မသေရင် သူတို့က သေတ္တာကြီးထဲထည့်ပေးလိုက်ကြမှာ"

"မင်း ဘယ်မှာနေလဲ"

"အဲဒီမှာတော့ မဟုတ်ပါဘူး။ တကယ်တမ်း ပြောရမယ်ဆိုရင် ကျွန်မနေခဲ့တဲ့အခန်းကို ပြန်အပ်ခဲ့တယ်။ ဒါပေမဲ့ သေတ္တာကြီးကိုတော့ သေသေချာချာ သိမ်းဆည်းပြီး အပ်ထားခဲ့တယ်။ ဒါပေမဲ့ ဘယ်မှာ အပ်ခဲ့တယ်ဆိုတာ ကျွန်မ မေ့နေတယ်ရှင့်"

လီဆာသည် အိပ်ရာဘေးတွင် တင်ထားသော သူမ၏ လက်ဆွဲအိတ်ကို ကောက်ယူသည်။ ဇစ်ဖွင့်၍ အတွင်း၌ တစ်စုံတစ်ရာကို မွှေနှောက်ရှာဖွေ၏။

"မနေ့ကတောင် ပစ္စည်းအပ်တဲ့ ပြေစာရှိသေးတယ်။ ဘယ်ရောက်နေပါလိမ့်"

လီဆာက ရှာဖွေနေရာမှ မျက်နှာတစ်ခုလုံး ဝင်းထိန်သွားသည်။

"ဟုတ်ပြီ၊ ဟောဒီမှာ ပြေစာတွေ့ပြီ၊ ဖလက်ရှာ ကုန်လှောင်ရုံ ကုမ္ပဏီမှာ သိမ်းထားတာပေါ့"

mgyoe.com

mgyoe.com

"ဒါဖြင့် အဲဒီပြေစာနဲ့ သေတ္တာကြီးကို ပြန်ရွေးပြီး တို့အိမ်မှာ သိမ်းထားပေးမယ်လေ"

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မအပေါ်မှာ အခုလောက်တောင် စေတနာထားပြီး လက်ခံခဲ့တာတောင် များနေပါပြီ၊ ကျွန်မ အခွင့်အရေးယူလွန်းရာ ကျနေပါလိမ့်မယ်"

"ဒီလောက်ကြီးလည်း ဝန်မလေးပါဘူးကွယ်။ တို့အိမ်ကလည်း အကျယ်ကြီးပဲ ဥစ္စာ၊ မင်းသေတ္တာကြီးတစ်လုံးနဲ့ တို့အိမ်ကျဉ်းမသွားပါဘူး။ ဟောဒီ မင်းအိပ်ခန်းထဲမှာ ထည့်လို့ကော မဆံ့ဘူးလား"

လီဆာက ဦးခေါင်းတဆတ်ဆတ်ဖြင့် ညိတ်နေသည်။

"ဟုတ်ပါတယ်။ ဒါ လင်ဘရာနက္ခတ်နဲ့ မွေးဖွားသူတို့ရဲ့ အမူအကျင့်အစစ်အမှန်ပဲ။ အရာရာကို သိမြင်လိုစိတ်ရှိပြီး စေ့စပ်သေချာတယ်။ ရှာဖွေစူးစမ်းတယ်။ စိတ်သဘောထားကောင်းပြီး ရက်ရောတယ်။ တည်ငြိမ် သိမ်မွေ့တယ်"

"ဒါပေမဲ့ အမြဲတမ်းတော့ မတည်ငြိမ်နိုင်ပါဘူး။ လီဆာရယ်"

"ဟုတ်ပါတယ်။ မကြာခဏ ဘယ်လောက်ပဲ မတည်ငြိမ်ပေမယ့်
နောက်ဆုံးကျတော့ တည်ငြိမ်သွားမှာပါ"

*

အိပ်ရာထက်မှ မျက်နှာကြက်သဖွယ် မိုးထားသောနေရာရှိ ဆည်းလည်းသံကို မကြားရချေ။ လှုပ်ရှားမှုမရှိဘဲ ငြိမ်သက်နေလေသည်။ အိပ်ခန်းနံရံ လေးဖက်လေးတန်၌ ပိုစတာ ပန်းချီကားကြီးများရှိသည်။

ပေါလ်က မော့၍ တစ်ချက် လှမ်းကြည့်လိုက်သည်။

ဂျနီဖာသည် အိပ်ခန်းထဲသို့ဝင်လာရင်း ပေါလ်ကို အကဲခတ်လိုက်၏။

"မင်းကိုကြည့်ရတာ အူမြူးနေပုံရတယ်။ ဘယ်လိုလဲ ဂျနီဖာ"

"လီဆာပေါ့"

"ဩော်. . . မင်းရဲ့ကစားစရာ သက်ရှိကလေးလား။ အဲဒီကောင်မလေး တကယ်ပဲ တို့နဲ့နေတော့မှာပေါ့ ဟုတ်လား"

"လီဆာဟာ အရုပ်မဟုတ်ဘူး ပေါလ်၊ သူမမှာ အရည်အသွေးရှိတယ်"

"ဟာ. . . တယ်ဟုတ်ပါလား။ တွေ့ကြတာမှတစ်ရက်တောင် မပြည့်သေး

mgyoe.com

mgyoe.com


ဘူး။ မင်း သူ့ကို ခွဲခြမ်းစိတ်ဖြာကြည့်ပြီးပြီ မဟုတ်လား။ ဘယ်လိုအရည်အသွေး မျိုးလဲ။ ပြောစမ်းပါဦး"

"ရှင် တခြားဘက်က လှည့်မတွေးနဲ့နော်။ သူက နက္ခတ္တဗေဒပညာကို ကျွမ်းတယ်"

"တကယ်ပဲလား။ ဂျနီဖာရယ်"

"ရှင် အဲဒါကို စိတ်ဝင်စားသလား"

"မင်း မေးတာက မရှင်းဘူး။ ငါက ဘာကိုစိတ်ဝင်စားရမှာလဲ လီဆာလား။ နက္ခတ္တဗေဒပညာကိုလား"

"အို. . . ပေါလ်ရယ်"

"အဲဒါ မင်း အပြစ်ပဲ ဂျနီဖာ၊ တို့ရဲ့ ခိုင်ခံ့လုံခြုံတဲ့ အိမ်ဂေဟာကြီးထဲရောက် အောင် မင်းပဲ အဲဒီကောင်မလေးကို ခေါ်သွင်းခဲ့တာပဲ မဟုတ်လား"

ပေါလ်က ပြောင်ချော်ချော်ပြောလိုက်သည်။

ထို့နောက် ဦးခေါင်းမှ ဆံပင်များကို သူ့ဘာသာဖွနေသည်။

"ဒါပေမဲ့ ရှင် ဘယ်နည်းနဲ့မှ မပတ်သက်ရဘူး လုံးဝပဲ"

"အေးပါ။ မင်းစကားကို ရပ်တန်းက ရပ်ရင်ရပ်၊ မရပ်ရင် ငါ့ ဦးနှောက်တွေ ခြောက်လို့ ဆံပင်တွေကျွတ်ကုန်ရင် ဆံပင်ကိုဝယ်ပြီးစွပ်ရတော့မယ်"

နှစ်ယောက်သား ရယ်မောကြသည်။

အိပ်ခန်းထဲတွင် ပျော်ရွှင်စရာ ပွဲတင်သံကလေးတစ်ခု ထပ်သွားသည်။

ချစ်လှစွာသော ရွှေမင်းသမီးနှင့်မင်းသားချောကလေးတို့အတွဲ အတော် ကြာကြာ တိတ်ဆိတ်နေကြရာမှ ဂျနီဖာ၏ အသံထွက်ပေါ်လာသည်။

"လီဆာ့ သေတ္တာကြီးကို သွားရွှေ့ခိုင်းလိုက်တယ်။အဲဒီသေတ္တာကြီးထဲမှာ ပါမယ့်ပစ္စည်းတွေက စိတ်ဝင်စားစရာကောင်းမယ်လို့ ပြောတာပဲ"

"ထူးခြားဆန်းပြားမှုကြောင့် တစ်ခါတုန်းက ကြောင်ကလေးတစ်ကောင် ဖြစ်သွားသတဲ့"

"မနေ့ညတုန်းကတော့ အိပ်ပျော်နေတဲ့ အလှကလေးတဲ့။ ဒီညကျတော့ ကြောင်ကလေးလို့ ပြောချင်တာလား ဟင်"

"ဟုတ်တာပေါ့"

ပေါလ်က ဖြေလိုက်သည်။

mgyoe.com

mgyoe.com


အခန်းထဲတွင် လေတိုးလာသဖြင့် မျက်နှာကြက်ဆီမှ ဆည်းလည်းတလည်လည်ဖြင့် လှည့်ပတ်၍ အရောင်တဖျပ်ဖျပ်ထွက်နေကြသည်။ အသံကလေးများကို တီးတိုးညင်သာစွာ ကြားရသည်။ ပေါလ်က ရောင်ပြန်ဟပ်နေသည်ကို လှမ်းကြည့်လိုက်သည်။

ချစ်သူနှစ်ဦး ကြည်နူးပျော်မွေ့ဖွယ်ရာ ဖြစ်လာတော့သည်။

ဧည့်ခန်းဆောင်အတွင်း၌ လီဆာသည် ပြတင်းပေါင်ကို မှီနေသည်။ ကြည်လင်သော ကောင်းကင်ပြင်ထက်မှ ကြယ်တာရာများကို တည်ငြိမ်စွာ ငေးမောကြည့်ရှုနေလေသည်။

* * *

mgyoe.com

mgyoe.com



# အခန်း [ ၅ ]

တစ်ချက်တစ်ချက် မိုးခြိမ်းသံကို ကျယ်လောင်စွာ ကြားလိုက်ရသည်။

မကြာမီ မိုးစက်မိုးပေါက်များကား တစ်ဖြိုလုံးပေါ်သို့ ရွာချလိုက်လေသည်။ နံနက် အရုဏ်တက်ကတည်းက ရွာနေသောမိုးသည် မိုးစင်စင်လင်းသောအခါတွင် အနည်းငယ်ပါးသွားသည်။ အစိမ်းပုပ်ရောင် ထရပ်ကားတစ်စီးသည် ဂျနီဖာတို့ နေထိုင်ရာ လမ်းထဲသို့ မောင်းဝင်လာသည်။

"ဟော. . . သေတ္တာကြီးသယ်လာပြီ"

ဂျနီဖာက လွှတ်ခနဲ ပြောလိုက်သည်။ ထို့နောက် အိပ်ခန်းထဲမှ ထွက်၍ လှေကားမှ ဆင်းခဲ့လေသည်။

ထရပ်ကားကြီးပေါ်မှ တောင့်တင်းကြံ့ခိုင်သော အလုပ်သမားကြီးနှစ်ဦးက ကြီးမားသော သေတ္တာကြီးတစ်လုံးကို သယ်ချလာသည်။ ဂျနီဖာက အိမ်ရှေ့တံခါးမကြီးကို ဖွင့်ပေးလိုက်သည်။ စိုရွှဲနေသော အလုပ်သမားနှစ်ဦးအနက် တစ်ဦးက "ဘယ်နေရာမှာ ထားမှာလဲဗျာ"ဟု မေးသည်။

ဂျနီဖာက လီဆာ၏ အခန်းဘက်သို့ ကြည့်သည်။ လီဆာ သူ့အိပ်ခန်းမှ ထွက်လာခိုက်နှင့် ကြုံကြိုက်နေသည်။ ထို့ကြောင့် လီဆာက သူမ၏ အခန်းထဲတွင် နေရာချခိုင်းသည်။ ထို့နောက် အလုပ်သမားနှစ်ဦးကို လီဆာက ပင်ပန်းခပေးလိုက်ရာ ကျေးဇူးတင်ကြောင်းပြော၍ အိမ်တွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။ ထရပ်ကားပေါ်သို့ အလုပ်သမားများတက်ပြီး ထရပ်ကား ပြန်လည်မောင်းထွက်သွားလေတော့သည်။

mgyoe.com

mgyoe.com

မိုးရေများက ဆေးကြောပစ်လိုက်သဖြင့် ပြတင်းမှန်များက ကြည်လင်နေသည်။

ပြတင်းမှန်ကို ထွင်းဖောက်ဝင်ရောက်လာသော အလင်းရောင်ကြောင့် သေတ္တာကြီးထဲမှ ပစ္စည်းများကို မီးမထွန်းဘဲ ထင်ထင်ရှားရှား မြင်နေရသည်။ သေတ္တာကြီးကို ဖွင့်လိုက်သောအခါ သတ္တဝါကြီးတစ်ကောင်၏ ပါးစပ်ကြီးဟလိုက်သည့် အနေအထားမျိုးဖြစ်သည်။

ရှေးဦးစွာ တွေ့ရသည်မှာ ဓာတ်စက်အငယ်စားကလေးတစ်ခု၊ လှည့်တံတစ်ချောင်းနှင့်အတူ လီဆာက လှမ်းပေးသည်။ ဂျနီဖာက စားပွဲပေါ်တွင် ဆင်သည်။ ထို့နောက် ဓာတ်ပြားကို ထုတ်ပေးသည်။ လှည့်တံဖြင့် ဓာတ်စက်အတွင်းသို့ တိုးလှည့်၍ သံပတ်တင်းလာသောအခါ ဓာတ်ပြားတင်၍ စက်ခေါင်းမှအပ်ကို ဓာတ်ပြားထိပ်ဘက် အရစ်များပေါ်သို့ ချလိုက်သည်။ တီးလုံးသံ ထွက်ပေါ်လာသည်။

ခေတ်ပေါ် အသုံးအဆောင်များကြားတွင် ဓာတ်စက်ဆိုသည်မှာ ရှားပါးပစ္စည်းဖြစ်နေသည်။ နောက်ထပ် တွေ့ရသော အဝတ်အထည်များမှာ ရှေးဟောင်းဖက်ရှင်ဝတ်စုံများ တောက်ပြောင်၍ မျက်စိစူးသော အနီရောင်၊ လိမ္မော်ရောင်၊ ကြည်ပြာရောင် စသဖြင့် ချုပ်ထားသော အထည်များဖြစ်သည်။

ဓာတ်စက်မှ ထွက်ပေါ်နေသော ဝေါ့ဇ်တီးလုံးမှာ ဝေါ့ဇ်ခေတ်ဦးပိုင်း၏ ပထမဆုံးတီးလုံး ဖြစ်နေသည်။ ငြိမ့်ညောင်း သာယာနာပျော်ဖွယ်ဖြစ်သည်။ သို့ရာတွင် ဓာတ်စက်အပ်က ဓာတ်ပြားကို ခြစ်သောအသံမျိုး တရှဲရှဲမြည်သံကို ကြားနေရသည်။

လီဆာက ဂျနီဖာအား အနက်ရောင်မှိုင်းမှိုင်း ဝတ်စုံတစ်ထည်ကို ဖြန့်ပြသည်။ ဇာတ်ကသည့်အခါတွင် ဝတ်သောအထည်မျိုးဖြစ်သည်။ ဂျနီဖာသည် စိတ်ကြီးဝင်သူဖြစ်သော်လည်း ထိုအဝတ်ကို သဘောကျသည်။

"အဲဒါကို ဂျနီဖ ယူလိုက်တော့၊ ကျွန်မလက်ဆောင်ပေါ့"

နောက်ဆုံးပေါ် ဖက်ရှင်များကိုသာ ငွေကုန်ကြေးကျခံ၍ ဝတ်ဆင်လေ့ရှိသော ဂျနီဖာအဖို့ ရှေးဟောင်းဖက်ရှင်မှာ တစ်မျိုးတစ်ဖုံ နှစ်သက်စရာ ဖြစ်နေလေသည်။

သေတ္တာထဲတွင် နောက်ထပ်တွေ့ရသော ပစ္စည်းများမှာ စာအုပ်များ ဖြစ်သည်။ ထို့ပြင် ကစားစရာ ဂျာမန်မိန်းကလေးရုပ်တစ်ရုပ်၊ အရုပ်၏ မျက်နှာက ပြုံး

mgyoe.com

မနေဘဲ မဲ့ပြနေသည်နှင့်တူသည်။ ထို့နောက် လက်ရာမြောက်စွာဖြင့် သစ်သားကို ထွင်း၍ ပုံဖော်ထားသော ဖယောင်းတိုင်တင်၍ထွန်းသော တိုင်နှစ်တိုင်၊ အိမ်ဖြူ ဖြူကလေးကို အနက်ရောင် တောကြီးမျက်မည်းနောက်ခံထား၍ ရေးဆွဲထားသော ပန်းချီကားတစ်ချပ်၊ ကိုယ်ပိုင်အသုံးအဆောင်များနှင့် ငှက်မွေးယပ်တောင် တစ်ချောင်းလည်း တွေ့ရသည်။

ဂျနီဖာသည် ကစားစရာအသစ်ရသော ကလေးငယ်တစ်ယောက်ပမာ မြူးနေသည်။

လီဆာလက်ဆောင်ပေးသော အနက်ရောင်ဂါဝန်ရှည်ကြီးကိုဝတ်၍ ငှက်မွေးယပ်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း ခါတ်စက်မှ ထွက်ပေါ်နေသော ဝေါ့ဇ်တေးသွားဖြင့် တစ်ပတ်နှစ်ပတ်မျှ လှည့်ပတ်ကာ ကလိုက်မိသေးသည်။

သေတ္တာကြီးက ကြီးမားကျယ်ဝန်းသည်နှင့် ပစ္စည်းများက စုံစုံလင်လင် ဖြစ်နေသည်။ ထို့နောက် ဖဲချပ်များမှာ သာမန်ဖဲချပ်များနှင့်မတူဘဲ တစ်မူထူးခြား ဆန်းပြားနေသည်။ ဖဲချပ်ထောင့်တွင် ဂဏန်းများရေးထားပြီး ဖဲချပ်အလယ်တွင် ရုပ်ပုံများရှိသည်။

ဂျနီဖာက ဖဲချပ်ကိုကိုင်ကြည့်၍ လီဆာအား စူးစမ်းသော မေးခွန်းအကြည့်ဖြင့် ကြည့်သည်။

"ဒီဖဲချပ်တွေကို တားရော့ကတ်လို့ခေါ်တယ်။ ဒီဖဲချပ်ကို ကြည့်ပြီး အတိတ်နဲ့ အနာဂတ်ကို ဆက်စပ်ထားတဲ့ ဟောပြောချက်တွေ ပြောလို့ရတယ်"

လီဆာသည် ဖဲချပ်ကို ကျင်လည်စွာ ကုလားဖန်ထိုး၍ ဖဲချပ်မျက်နှာများကို မှောက်ချထားလိုက်သည်။

"ဒီဖဲချပ်တွေဟာ နှယ်နှယ်ရရမဟုတ်ဘူး ဂျနီဖာ၊ ၁၄ ရာစုနှစ်ဦးပိုင်းက အီတလီပြည်မှာ ပထမဆုံးပေါ်လာခဲ့တာ၊ ဒီဇိုင်းပုံစံတွေကို ကြည့်၊ အစက်အပြောက်တွေကို အတန်းလိုက် တစ်တန်းနဲ့တစ်တန်း ထောင့်တန်းဖြတ်နေကြတယ်။ ဒီဇိုင်းပေါ်မှာပါတဲ့ပုံကို အမည်ပေးထားတယ်"

"စိတ်ဝင်စားစရာကောင်းတယ်နော်"

ဂျနီဖာက ထောက်ခံလိုက်သည်။

"သာမန် စိတ်ဝင်စားစရာကောင်းရုံတင်မကဘူး။ ဒီဖဲချပ်တွေက ထွက်ပေါ်လာတဲ့ ဟောပြောချက်ဟာ အမှန်အကန်တွေချည်းပဲ။ အလိမ်အညာ လုံးဝမပါဘူး။

mgyoe.com


ဂျနီဖာ တစ်ချပ်လောက် ဆွဲယူလိုက်စမ်းပါ"

လီဆာက ပြုံး၍ပြောလိုက်သည်။

ဂျနီဖာက မှောက်ထားသော ဖဲချပ်တစ်ချပ်ကို ကောက်လိုက်သည်။ လီဆာက သူမ၏ လက်ထဲမှ ဖဲချပ်ကို ဆွဲလှန်လိုက်သည်။

"ဟောဒီ ဖဲချပ်ကို သူတို့အခေါ်က အချစ်စုံတွဲတဲ့"

ဂျနီဖာက နောက်ထပ် ဖဲတစ်ချပ်ကို ထပ်ဆွဲသည်။

"ဒါကကော"

ထိုဖဲချပ်ကိုကြည့်၍ လီဆာ၏ တီးတိုးရယ်သံ ထွက်လာသည်။

"ဒီဖဲချပ်ကို ဂျနန်လို့ခေါ်တယ်။ မြင့်မြတ်တဲ့ ယာဇပုရောဟိတ်မ၊ ဒါပေမဲ့ ဖဲချပ်တိုင်းဟာ ပျော်စရာချည်းပဲ မဟုတ်ဘူး။ အနာဂတ်မှာ ကံကြမ္မာဟာ ဆိုးဝါးနေရင် အဲဒီအကြောင်းကိုလည်း သိနိုင်တယ်။ အဲဒီထိခိုက်စရာ အကြောင်းတွေကို သိပြီးရင် စိတ်ညစ်ရတယ်။ အဲဒါတွေထားလိုက်ပါတော့။ ဒီညနေကျရင် ဝတ်ရမယ့် အဝတ်အစားကို ကြည့်ရအောင်"

လီဆာက ဖဲထုပ်ကို ပြန်သိမ်း၍ သေတ္တာကြီးထဲတွင် မွှေနှောက်ရှာဖွေသည်။

ဂျနီဖာက လီဆာ၏ဘေးမှ ရပ်ကြည့်နေသည်။

အချိုးမကျသော ပစ္စည်းတစ်ခုထွက်လာသည်။

"အဲဒါ ဘာလဲ လီဆာ"

"ကျွန်မရဲ့ ကြည်နူးစရာ အတိတ်ဇာတ်လမ်းက အမှတ်တရပစ္စည်းတစ်ခုပါ"

လီဆာက အရှည်လိုက် ဆွဲဆန့်ပြသည်။ ခြောက်ကပ် ပြောင်လက်နေသော စပါးကြီးမြွေအရေခွံ တစ်ခုဖြစ်သည်။

ဂျနီဖာသည် သန့်ရှင်းစင်ကြယ်သော မြွေအရေခွံကို သူမ၏ ကိုယ်တွင် ရစ်ပတ်ကာ မှန်ရှေ့တွင် သွားကြည့်သည်။

"လှတယ်။ အရမ်းသဘောကျတာပဲကွယ်"

"ဂျနီဖာကို ကျွန်မသိပ်ချစ်လို့သာ၊ တခြားလူတွေကို လုံးဝမပြဘူး။ ဒါပေမဲ့ ဂျနီဖာဟာ တခြားလူမဟုတ်ဘူးလေ။ ကျွန်မရဲ့ ကျေးဇူးရှင်ဆိုတော့ ကျွန်မရဲ့ အမှတ်တရ လက်ဆောင်အဖြစ် ယူလိုက်တော့"

"တကယ်ပေးတာလား လီဆာ"

mgyoe.com

mgyoe.com


ဂျနီဖာက ပြုံး၍မေးသည်။

လီဆာက ခေါင်းညိတ်ပြသည်။

ဂျနီဖာသည် အားရဝမ်းသာဖြင့် ဖျတ်ခနဲ တစ်ချက်နမ်းသည်။ မြွေအရေခွံကို လည်ပင်းတွင် ပတ်၍ သဘောကျနေသည်။

"ကဲ. . . ညစာစားချိန်ကျမှ ထပ်တွေ့ကြတာပေါ့"

ဂျနီဖာ၏အပြောကို လီဆာက ငေးကြည့်နေသည်။

ဂျနီဖာသည် လီဆာ၏အခန်းထဲမှ ထွက်သွားသည်။ လီဆာက အခန်းတံခါးကို လုံလုံခြုံခြုံပိတ်၍ အတွင်းမှ ချက်ထိုးလိုက်သည်။ ထို့နောက် သူမ၏ သေတ္တာကြီးရှိရာသို့ ပြန်လျှောက်ခဲ့သည်။

သေတ္တာအံဝှက်ထဲမှ သားရေသေတ္တာအငယ်စားတစ်ခုကို ထုတ်ယူလိုက်သည်။ ထိုသေတ္တာကို ကိုင်ထားလျက် မှန်ပြတင်းကို လှမ်းကြည့်သည်။ သူမက မှန်ပြတင်းမှ ခန်းဆီးကို ဆွဲပိတ်လိုက်သည်။

ထို့နောက် သားရေသေတ္တာကလေးအတွင်းမှ သေနတ်နှစ်လက်ကို ထုတ်ယူ၍ မောင်းကွင်းထဲသို့ လက်လျှိုကာ သေနတ်ဒင်ကိုလွတ်၍ တစ်ပတ်ပြီးတစ်ပတ် လှည့်လိုက်၊ ဒင်ကို ပြန်ဖမ်းဆုပ်လိုက်ဖြင့် ကျင်လည်စွာ ကစားနေသည်။ သားရေသေတ္တာကလေးထဲတွင် ကျည်ဆန်များကလည်း အပြည့်ရှိနေသည်။

လီဆာသည် သေနတ်ပြောင်းကို အပေါ်သို့ထောင်လိုက်စဉ် မိုးကောင်းကင်မှ လျှပ်စစ်လက်သွားသည်။ ရှေ့ဆင့်နောက်ဆင့် ကြောက်မက်ဖွယ်ရာ မိုးခြိမ်းသံကြီး ကြားလိုက်ရသည်။

လီဆာက တည်ငြိမ်စွာဖြင့် သေနတ်နှစ်လက်၏ မောင်းခလုတ်ကို ပြိုင်တူ တစ်ချက်ပြီးတစ်ချက် ဆက်တိုက်ဆွဲညှစ်နေသည်။ သို့ရာတွင် သေနတ်အတွင်း၌ ကျည်မထည့်ထားသဖြင့်သာ တော်ပေသေးသည်။

*

ငွေအကြွေထည့်၍ နှိပ်သောစက်၏ မောင်းတံကို လက်တစ်ဖက်ဖြင့် နှိပ်ချလိုက်သည်။ စက်၏ဘေးတွင် မှန်ပေါက်မှ ဒိုင်ကွက် လည်နေသည်။ မွတ်နေအောင် လည်သည်။ တဖြည်းဖြည်းနှင့် နှေးသွားကာ လုံးဝရပ်တန့်သွားသည်။

လိမ္မော်၊ သံပရာ၊ ပန်းသီး စသော သစ်သီး၏ အမည်များကို မတွေ့ရ။

mgyoe.com

mgyoe.com


အချစ်၊ အမုန်း၊ သတ်ခြင်း၊ နာကျင်စေခြင်း၊ အကူအညီ၊ နှစ်သက်မှု စသော စာတန်းများသာ ပေါ်လာသည်။

လီဆာသည် အနက်ရောင် ပြောင်လက်သော ဝတ်စုံကို ဆင်မြန်းထားသည်။ သေတ္တာကြီးထဲမှ ထွက်လာသော ပစ္စည်းတစ်ခုပင် ဖြစ်သည်။ ထို့နောက် ပေါလ်ဘက်သို့ မျက်နှာမူလိုက်သည်။

ပေါလ်သည် ဧည့်ခန်းဆောင် အဝင်ပေါက်ဝတွင် ရပ်နေသည်။ သူ၏ လက်ထဲတွင် သေနတ်ရှိသည်။ ဝက်ဝံရုပ်ကြီး၏ 'လျှပ်စစ်မျက်လုံး' ရှိရာသို့ သေနတ်ပြောင်းကို ထိုးချိန်လိုက်သည်။

"မစ္စတာမောင်ဂိုမာရီ"

လီဆာက လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။

ပေါလ်က လီဆာအား လှမ်းကြည့်သည်။ လီဆာက ဦးခေါင်းခါပြလိုက်သည်။

"အမှန်အတိုင်းပြောရမယ်ဆိုရင် ရှင်တို့ပြပွဲက ကျွန်မတွက် စိတ်ရှုပ်စရာတွေချည်း ဖြစ်နေတယ်။ ကျွန်မတို့ဆီမှာဆိုရင် ညစာစားပြီးရင် ယောက်ျားတွေဟာ ကော့ညက်နဲ့ ဆေးပြင်းလိပ်ကိုတွဲပြီး ဖိမ်ယူကြတယ်။ ရှင်အခု ဒီမှာက ငွေထည့်ပြီး ခလုတ်နှိပ်စက်နဲ့၊ ပြီးတော့ ပင်ဘောလ် ကစားကြတယ်"

လီဆာက ပခုံးတစ်ချက် တွန့်ပြသည်။

ဂျနီဖာသည် ငွေလင်ပန်းဖြင့်ထည့်ထားသော ကော့ညက် ဖန်ခွက်များကို ယူဆောင်လာကာ ပေါလ်ရှေ့တွင် ရပ်လိုက်သည်။ ပေါလ်က လင်ပန်းပေါ်မှ တစ်ခွက်ယူလိုက်သည်။

"လီဆာရော"

"ဟုတ်ကဲ့၊ တစ်ခွက်လောက်"

လီဆာက ကော့ညက်ဖန်ခွက်ကို လှမ်းယူ၍ တစ်မြို့ စုပ်သောက်လိုက်သည်။ ထို့နောက် ပေါလ်အား စူးစိုက်ကြည့်ရှု၍ ပြောလိုက်သည်။

"ကျွန်မက အဲဒီ ရှင်တို့ ကစားနည်းတွေထက် ပိုပြီး အန္တရာယ်လည်း ရှိ၊ စိတ်လှုပ်ရှားစရာလည်း ကောင်းတဲ့ ကစားနည်း အတော်များများကို ကစားခဲ့ဖူးတယ်"

ပေါလ်က တိတ်ဆိတ်စွာ နားထောင်နေသည်။

လီဆာက ပေါလ်၏ရှေ့တည့်တည့်သို့ လျှောက်သွား၍ မျက်နှာချင်းဆိုင်

mgyoe.com

တွင် ရပ်တန့်လိုက်သည်။ သူမ၏လက်တစ်ဖက်တွင် အရက်ဖန်ခွက်၊ ကျန်တစ်ဖက်တွင် သေနတ်ထည့်ထားသော သားရေအိတ်ကို ကိုင်ထားသည်။

"ကျေးဇူးပြုပြီး ဟောဒါကို ခဏလောက် ကိုင်ထားပေးမယ်ဆိုရင်"

လီဆာက သူမ၏ အရက်ဖန်ခွက်ကို လှမ်းပေးသည်။ ပေါလ်က လှမ်းယူ၍ ကိုင်ထားသည်။

သူမသည် သားရေအိတ်ကို ဖွင့်၍ ပရိသတ်အား ဦးညွတ်သည့်သဘောမျိုး အရိုအသေပေးသည်။ အခန်းထဲတွင် ထွန်းညှိထားသော မီးလုံးရောင်စုံများက တစ်လှည့်လျှင် အရောင်တစ်မျိုးစီ လင်းလိုက်မှိန်လိုက် ဖြစ်နေသည်။

"ရှင်တို့ဇနီးမောင်နှံရဲ့ ဧည့်ဝတ်ကျေပွန်မှုကို ဝမ်းမြောက်ဝမ်းသာ ခံစားရတဲ့အတွက် ဂုဏ်ပြုတဲ့အနေနဲ့ ဒီပြကွက်ကလေးတစ်ခုကို ပြသခွင့်ပြုပါ။ ဒီပြကွက်ဟာ တကယ်တော့ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်တဲ့အတွက် ရိုးနေပါပြီ။ ဒါပေမဲ့ အင်မတန် အဖိုးတန်နေဆဲပါပဲရှင်"

ပေါလ်က တောင့်ခနဲ ဖြစ်သွားသည်။ လီဆာ၏ လေသံ၊ ဟန်ပန်အမူအရာမှာ အလွန်တရာ လှပတင့်တယ်နေသည်။

လီဆာသည် သားရေအိတ်ထဲမှ သေနတ်တစ်လက်ကို ဆွဲထုတ်လိုက်သည်။

"ဒီအကြောင်းနဲ့ ပတ်သက်လို့ တကယ့် အဖြစ်အပျက် ရှိခဲ့ဖူးပါတယ်"

လီဆာက သေနတ်ကိုင်လက်ကို ရှေ့သို့ ဆန့်တန်းလိုက်ပြီးမှ ဆက်ပြောသည်။ သူမ၏အသံမှာ ဆွဲဆောင်မှု အပြည့်အဝပါရှိသည်။

"အချိန်ကတော့ နေအရုဏ်တက်ချိန်မှာပေါ့၊ တောင်ကုန်းတစ်ခုပေါ်မှာ လူနှစ်ယောက်ကို မြင်ရတယ်။ သူတို့နှစ်ယောက်ရဲ့ ပတ်ဝန်းကျင်မှာလည်း နှင်းမြူတွေ ဆိုင်းလို့ပေါ့ရှင်"

လီဆာက မျက်စိကို စုံမှိတ်ထား၍ ပြောနေခြင်းဖြစ်သည်။ ထိုအခိုက်အတန့်တွင် ရောင်စုံမီးလုံးများမှ အစိမ်းရောင်လင်းနေချိန်ဖြစ်၍ သူမသည် မျက်နှာစိမ်း ဖြစ်နေသည်။ သူမသည် သေနတ်မောင်း ညှစ်ဆွဲလိုက်သည်။ 'ကလစ်'ဟူသော မြည်သံ ထွက်ပေါ်လာသည်။ သူမက မျက်စိ ဖွင့်ကြည့်လိုက်သည်။ သူမ၏ အကြည့်မှာ အရာခပ်သိမ်းကို စူးဝင်ထိုးဖောက်နိုင်သော အကြည့်မျိုး ဖြစ်သည်။ လီဆာက ဆက်ပြောသည်။

"နှစ်ဦးသဘောတူ ယှဉ်ပြိုင်သတ်ပွဲ ကျင်းပဖို့အတွက် ရောက်နေကြတာ

mgyoe.com

mgyoe.com

ပါ။ သူတို့နှစ်ယောက်စလုံးဟာ ကျွန်မရဲ့ ချစ်သူတွေပါပဲ။ ရှင်တို့အနေနဲ့ကြည့်ရင် ဒါဟာ ပြဇာတ်ခုံပေါ်က ပြကွက်တစ်ကွက်လို့ ပြောလိမ့်မယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်ကတော့ အစစ်အမှန်သေလောက်တဲ့ ကစားနည်းတစ်ခုနဲ့ ယှဉ်ပြိုင်နေကြတာပါ။ မစ္စတာ မောင်ဂိုမာရီ။ ဒါဟာ ငွေပေးပြီး ခုံတန်းပေါ်က ကြည့်လို့ရတဲ့ အကြောင်းအရာ မဟုတ်ပါဘူး"

ဂျနီဖာက လက်ကို မြှောက်ပြလိုက်သည်။ ဂျနီဖာ၏ လက်ထဲတွင် ကစားစရာ သေနတ်တစ်လက် ကိုင်ထားသည်။ ထို့နောက် လက်ပြန်ချလိုက်သည်။

လီဆာက ဆက်ပြောပြန်သည်။

"အဲဒီယှဉ်ပြိုင်ပွဲမှာ ကပ်တိ အနိုင်ရသွားတယ်။ သူ့ကို ကျွန်မ လက်ထပ်လိုက်ရတယ်။ သူတို့နှစ်ယောက်ထဲက နိုင်တဲ့လူ ဘယ်သူကိုမဆို ကျွန်မက လက်ထပ်ရမှာပါ"

"အဲဒီယှဉ်ပြိုင်နည်းက မင်းတို့ဆီမှာ အခုထက်ထိ အရာရောက်နေတုန်းပဲလား"

ပေါလ်က သေနတ်ကို လှုပ်ရင်း ကစားရင်း မေးသည်။

"ဟုတ်ကဲ့။ အရာရောက်တုန်းပဲလို့ ကျွန်မထင်ပါတယ်။ သိပ်မကြာသေးခင်က ကျွန်မတို့မြို့က ပြဇာတ်ခုံပေါ်မှာ ကျွန်မရဲ့ သူငယ်ချင်းတစ်ယောက် ပြသခဲ့ဖူးပါတယ်"

လီဆာသည် သားရေသေတ္တာကလေးထဲသို့ ငုံ့ကြည့်သည်။

"အထဲမှာတော့ ကျည်ဆန်အစစ်တွေနဲ့ အတုတွေ ရောနေတာပဲ။ ပိုပြီး စိတ်ဝင်စားစရာ ကောင်းတာပေါ့။ ဟုတ်တယ်မဟုတ်လား"

လီဆာက နောက်ထပ် သေနတ်တစ်လက်ကို ကောက်ယူ၍ ပေါလ်၏ လက်ထဲသို့ လှမ်းပေးလိုက်သည်။

"ပထမသေနတ်နဲ့ ယှဉ်ကြည့်လိုက်ပေါ့။ ဟောဒီသေနတ်မှာ လွတ်ကျလို့ အပဲ့ရာကလေး ထင်နေတယ်။ အဲဒီသေနတ်ဟာ ကျွန်မယောက်ျားရဲ့ ဇီဝိန်ကို ခြွေသွားတဲ့သေနတ်ပါပဲ"

"မတော်တဆဖြစ်သွားတာလား"

ပေါလ်က မေးသည်။ သူ့လေသံက စိတ်ဝင်စားမှု အပြည့်အဝပါသည်။

လီဆာက ဦးခေါင်းခါပြသည်။

mgyoe.com

"ကျွန်မယောကျ်ား ကပ်တိဟာ အင်မတန် သဝန်ကြောင်တယ်။ သူ နေမကောင်းတော့ ကျွန်မကို ပြဇာတ် သွားမကစေချင်ဘူး။ အိမ်ထဲမှာပဲ လှောင်ပိတ်ထားတယ်လေ။ အဲဒီအချိန်မှာ ကျွန်မဘဝဟာ အိပ်မက်ဆိုးတစ်ခု မက်နေသလိုပါပဲ"

လီဆာက ထိုအဖြစ်ကိုပြန်လည်မြင်ယောင်လာသည့်နှယ် သူမ၏ မျက်လုံးအစုံက ရီဝေမှုန်မှိုင်းနေသည်။

"တစ်ညကျတော့ ကျွန်မက သေနတ်ထဲကို ဟောဒီလို ကျည်ဆန်တစ်တောင့်ထည့်လိုက်တယ်။ ကျည်အိမ်ကို လက်နဲ့ လှည့်လိုက်တယ်"

ပြောပြောဆိုဆိုနှင့် လီဆာက ကျည်တစ်တောင့်ကို ကောက်ယူ၍ ကျည်အိမ်ထဲသို့ထည့်၍ ကျည်အိမ်လှည့်လိုက်သည်။ ထို့နောက် သူမ၏ ပါးရိုးပေါ်သို့ သေနတ်ပြောင်းဝနှင့်တေ့၍ ဖိကပ်ထားသည်။

"အခုလိုမျိုး ကျွန်မနားထင်ကို သေနတ်ပြောင်းနဲ့တေ့ပြီး မောင်းကို ညှစ်ဆွဲလိုက်တာပေါ့"

စကားအဆုံးတွင် လီဆာက သေနတ်မောင်းညှစ်လိုက်သည်။

"ကလစ်" ခနဲ အသံမြည်သွားသည်။

"ကျွန်မအလှည့်ပြီးတော့ ကပ်တိကို လှမ်းပေးလိုက်တယ်။ ကပ်တိက လှမ်းယူပြီး သူ့နားထင်နဲ့ သေနတ်ပြောင်း တေ့ပြီး မောင်းဖြုတ်လိုက်တာပါပဲ"

လီဆာက အပြောနှင့် ထပ်တူထပ်မျှ သရုပ်ဆောင်ပြသည်။ သူမ၏ နားထင်နှင့် သေနတ်ပြောင်းတေ့၍ မောင်းဖြုတ်လိုက်ပြန်သည်။

ပေါလ်နှင့် ဂျနီဖာ နှစ်ယောက်စလုံး စိတ်ညို့ခံထားရသူများပမာ မျက်တောင်မခတ်နိုင်ဘဲ ငေးစိုက်ကြည့်နေမိကြသည်။

လီဆာက ဆက်လက်ပြောဆိုလှုပ်ရှားနေသည်။

"အခုလိုပေါ့လေ တစ်ယောက်တစ်လှည့်စီပေါ့။ သူ့အလှည့်ပြီး ကျွန်မအလှည့်၊ သေနတ်ဟာ တစ်လက်ပြီးတစ်လက် ကူးနေတယ်။ အချိန်ကျတော့ နာရီပေါင်းများစွာ ကြာတယ်ထင်ရတယ်။ နောက်ဆုံးကျတော့. . ."

လီဆာက စကားကို ရပ်တန့်၍ ပါးရိုးပေါ်သို့ သေနတ်ပြောင်းနှင့်တေ့သည်။ ပေါလ်၊ ဂျနီဖာတို့နှင့် နီးကပ်သွားစေရန် ရှေ့သို့ တစ်လှမ်းတိုးလိုက်သည်။ ပြီး သေနတ်မောင်းခလုတ်ကို ဖြုတ်လိုက်သည်။

mgyoe.com

လီဆာ သေနတ်မောင်း ဆွဲလိုက်သည်နှင့်တစ်ပြိုင်နက် လီဆာ၏ မျက်နှာကြီးတစ်ခုလုံး နီရဲသွားသည်။ သွေးရောင်များ ဖုံးလွှမ်းသွားသည်။ အသက်ရှူမှားသွားလေသည်။ ဂျနီဖာက တစ်လှည့်စီလင်းနေသော ရောင်စုံမီးလုံးမှ အနီရောင်မီးလုံး လင်းချိန်နှင့် တစ်ထပ်တည်း ကိုက်ညီအောင်ပြုလုပ်လိုက်ခြင်းဖြစ်သည်။

လီဆာ့ ပြကွက်မှာ ထိရောက်မှုရှိသည်။

လီဆာက သေနတ်ကိုင်လက်ကို ရှေ့သို့ ချထားလိုက်သည်။

"ကဲ. . . မစ္စတာမောင်ဂိုမာရီ။ ရှင်တို့ရဲ့ ပြကွင်း ပြကွက်မှာ ကျွန်မအနေနဲ့ ပါဝင်အသုံးတော်ခံလို့ ရနိုင်ပါ့မလားရှင်"

စကားအဆုံးတွင် လီဆာသည် သားရေအိတ်ထဲမှ ကျည်ဆန်တစ်တောင့်ကို ရွေးချယ်ယူလိုက်သည်။ အတုမဟုတ်ကြောင်းကို ပေါလ်နှင့်ဂျနီဖာတို့အား သေသေချာချာ ပြသသည်။ သေနတ်ကျည်အိမ်ထဲသို့ ထည့်၍ ဂျနီဖာအား သေနတ်လှမ်းပေးသည်။ ဂျနီဖာက လှမ်းမယူချေ။

လီဆာက ပေါလ်အား လှမ်းပေးပြန်သည်။

ကျည်အိမ်ထဲတွင် ကျည်ဆန်အစစ်ထည့်၍ မိမိကိုယ်ကိုယ် ပစ်ပြသောအလုပ်သည် သေမင်းထံသို့ အရောက်သွားခြင်းမျှသာ ဖြစ်သည်။ ထို့ကြောင့် ပေါလ်က သေနတ်ကို လက်လှမ်းယူမည့် အနေအထားမှ မယူဖြစ်တော့ဘဲ ရပ်တန့်သွားသည်။

လီဆာက ကျည်အိမ်ကို လှည့်နေသည်။

"အန္တရာယ်မရှိတဲ့ ပြကွင်း၊ ပြကွက်တွေကို ရှင်ဖန်တီးပြသတာတော့ မဆိုးပါဘူး။ ဒါပေမဲ့ ကျွန်မအနေနဲ့ ကြည့်ရတာ ငြီးငွေ့မိတယ်"

လီဆာက သူတို့အနီးမှ လျှောက်သွားသည်။ ထို့နောက် ရပ်တန့်လိုက်၍ နားထင်ကို သေနတ်ဖြင့်တေ့၍ ပြပွဲပြသရာ အခန်းထဲသို့ ဝင်ရောက်သွားသည်။ ပေါလ်တို့၏ မြင်ကွင်းမှ မျက်ကွယ်သို့ ရောက်ရှိသွားခြင်းပင်။

ခေတ္တမျှ တိတ်ဆိတ်နေသည်။

ထို့နောက် လီဆာဝင်သွားသော ပြပွဲအခန်းထဲမှ သေနတ်သံတစ်ချက်ကြားလိုက်ရသည်။ အိမ်ထဲတွင် မြည်ဟိန်းသွားသည်။ ပေါလ်နှင့် ဂျနီဖာ ပြိုင်တူမတ်တတ်ရပ်မိကြသည်။

"ဟာ. . . ပြဿနာပဲ"

mgyoe.com

ပေါလ်က ဝမ်းခေါင်းသံကြီးဖြင့် ညည်းတွားလိုက်သည်။

မဖြစ်နိုင်သော အဖြစ်တစ်ခု ဖြစ်သွားလေပြီ။

ပေါလ်က ရှေ့သို့ပြေးသွားသည်။ ဂျနီဖာသည် ရပ်တည်နေရာ၌ပင် သူမ၏ တစ်ကိုယ်လုံး အကြောဆိုင်းသွားသူပမာ တောင့်တောင့်ကြီး ဖြစ်နေသည်။

လီဆာရှိရာ ပြပွဲအခန်းသို့ ပေါလ်ရောက်သွားသည်။ ထိုအခါ လီဆာသည် နံရံကို ကျောမှီထားသည်။ သေနတ်ကိုင်ထားသော လက်သည် သူမ၏ ဘေးတွင် တွဲလောင်းကျနေသည်။

သူမသည် အသက်ရှင်လျက်ပင် ဖြစ်သည်။

လီဆာ၏ မျက်နှာမူရာအရပ်မှ ဝက်ဝံရုပ်၏ လျှပ်စစ်မျက်လုံးကို ကျည်ဆန် ထိမှန်သွားသည်။

ပေါလ်က ဝက်ဝံရုပ်ကို သနားကြင်နာစွာ ကြည့်နေမိသည်။

မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်နှင့် ဂျနီဖာသည် တစ်ကိုယ်လုံး တုန်တုန် ယင်ယင်ဖြင့် ရောက်ရှိလာသည်။

ဂျနီဖာက ပေါလ်နှင့် လီဆာအား တစ်လှည့်စီ ကြည့်လိုက်သည်။

လီဆာက ပြုံးပြသည်။ ဖြည်းညင်းစွာဖြင့် သူမ၏လက်ထဲမှ သေနတ်ကို ပေါလ်အား ပေးလိုက်သည်။

"ကဲ. . . အဲဒါ ကျွန်မ ပြောတဲ့ တကယ့်ကစားနည်းအစစ်ပဲ။ စိတ်ကို အရမ်း လှုပ်ရှားအောင် ဆွဲဆောင်နိုင်မှ ထိထိမိမိ ခရီးရောက်တာရှင့်"

လီဆာသည် သူတို့နှစ်ယောက်စလုံးအား အထိတ်တလန့်ဖြစ်စေခဲ့သည်မှာ အမှန်။ မည်သူမှ မငြင်းနိုင်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့နောက် သူမသည် ပြပွဲခန်းမဆောင်ထဲမှ ထွက်သွားလေတော့သည်။

*

ဂျနီဖာက သူမ၏ရင်ဘတ်ကိုလက်ဝါးဖြင့် ဖိထားသည်။

ထို့နောက် နွေးကွေးလေးလံသော ခြေလှမ်းများဖြင့် ခုံတန်းလျားရှိရာသို့ လျှောက်သွားသည်။ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

ပေါလ်က ဂျနီဖာအားကြည့်၍ တစ်ချက်ရယ်သွမ်းသွေးလိုက်သည်။

ဂျနီဖာ မဆိုထားနှင့် သူကိုယ်တိုင်ပင်လျှင် စိတ်ချောက်ချားခဲ့ရသေးသည်

mgyoe.com

mgyoe.com

မဟုတ်ပါလား။ ပေါလ်သည် လီဆာ ပေးသွားသော သေနတ်ကို လှည့်၍ ကစား နေသည်။

"ဘုရားသခင်... ဘယ်လိုသရုပ်ဆောင်မှုပါလိမ့်။ လီဆာကတော့ အင်မတန် ဆန်းကြယ်တဲ့ မိန်းကလေးပဲ"

သူက ပြောပြောဆိုဆိုဖြင့် ဂျနီဖာနှင့် နီးနီးကပ်ကပ် ဝင်ထိုင်လိုက်သည်။ သူ၏လက်မောင်းဖြင့် ဂျနီဖာ၏ ပခုံးကို ဖက်လိုက်သည်။ ဂျနီဖာက ပေါလ်အား စူးစူးရဲရဲ တစ်ချက်ကြည့်သည်။

"အဲဒီပြကွက်ဟာ ရှင့်အတွက် ရွှင်လန်းစရာကောင်းနေသလားဟင်"

"အကောင်းဆုံးပေါ့ကွာ။ တို့ရဲ့အမြင်ကို လွှမ်းမိုးလိုက်တာပဲ။ တကယ့် အဖြစ်မှန်တစ်ခုလား မှတ်ရတယ်"

"ကျွန်မတော့ ရေရေလည်လည် စိတ်လှုပ်ရှားသွားတာပဲ"

ပြကွက်ပြီးဆုံးသွားသော်လည်း ပေါလ်တို့ဇနီးမောင်နှံက ဆက်လက်၍ ပြောမဆုံး ဖြစ်နေဆဲပင်။

သူတို့နှစ်ယောက်အနေနှင့် နှစ်ယောက်တည်း နေရသည့်အချိန်တွင် တစ်ယောက်နှင့်တစ်ယောက် ကျီစယ်နေကြလေ့ရှိသည်။ မြူးထူးပျော်ပါးလေ့ ရှိသည်။ သူတို့အနေနှင့် သုံးမကုန်ဖြုန်းမကုန်နိုင်သော ငွေကြေးအမြောက်အမြား ရှိသည်။ ထို့ကြောင့်...

မိတ်ဆွေ အပေါင်းအသင်းများကို ဖိတ်၍ ပျော်ပွဲရွှင်ပွဲ၊ ပြကွင်းပြကွက်များ ဖြင့် ပြသ၍ ကျွေးမွေးဧည့်ခံသည်။

စိတ်ချောက်ချားစရာ၊ စိတ်လှုပ်ရှားစရာ မှန်သမျှကို စိတ်ကူးရှိသမျှ ဖန်တီး ကြသည်။ သို့ရာတွင်...

လီဆာသည် သူတို့ဇနီးမောင်နှံ ကြံစည်စိတ်ကူးပြသခဲ့သမျှကို လွှမ်းမိုး ကျော်ဖြတ်ခဲ့လေပြီ။

"လက်တစ်ဖက်ပြတ်လူဆိုးကြီး"ဟူသော ပြကွက်အတွက် ဖန်တီးထား သော အရုပ်ကြီးမှာ ပေါလ်မျက်နှာမူရာဘက်တွင် အလုပ်လုပ်ရန် စောင့်ဆိုင်းနေ သည်။ ခလုတ်နှိပ်လိုက်သည်နှင့် တစ်ပြိုင်နက် လှုပ်ရှားမှုများ ဖြစ်ပေါ်လာသည်။

လူဆိုးကြီးတစ်ယောက်၏ သေနတ်ပြောင်းရှည်ကြီးကို ကြောက်မက်ဖွယ်ရာ ဝှေ့ယမ်းခြိမ်းခြောက်နေသော လှုပ်ရှားမှုများဖြစ်သည်။ ထိုပြကွက်ကို ဖန်တီးခဲ့စဉ်က

mgyoe.com

ပေါလ်နှင့် ဂျနီဖာတို့ နှစ်ယောက်စလုံး သူတို့၏စမ်းသပ်တီထွင်မှုကို အားရကျေနပ်ခဲ့မိသည်။

သို့ရာတွင် ယခုအခါ လီဆာ၏ပြကွက်လောက် စိတ်လှုပ်ရှားစရာ မကောင်းတော့ဘဲ ငြီးငွေ့ဖွယ်ရာဖြစ်သွားလေသည်။

ပေါလ်က ခလုတ်ကို ပြန်ပိတ်လိုက်သည်။ လူဆိုးကြီး၏လှုပ်ရှားမှုက တဖြည်းဖြည်းနှေးကွေးလာကာ ရပ်တန့်သွားတော့သည်။

ပေါလ်က ထိုင်ရာမှထ၍ ဂျနီဖာ၏လက်ကို ဆုပ်ကိုင်ဆွဲယူသည်။

"ကဲ. . . လာ ဆည်းလည်းသံကလေးတွေကို သွားနားထောင်ရအောင်" ဟူ၍ ပြောလိုက်လေသည်။

* * *

mgyoe.com

mgyoe.com

# အခန်း [ ၆ ]

အိမ်ရှေ့ လမ်းမကြီးပေါ်မှ အသံဗလံများက ဆိတ်သုဉ်းသွားလေပြီ။

အညိုရောင် ကျောက်တုံးများဖြင့် တည်ဆောက်ထားသော ရှေးဟောင်းစံအိမ်ကြီး၏ အတိတ်ကာလများသည် အိပ်မက်များပမာ ပြန်လည်ဖြစ်ပေါ်လာခြင်း မရှိတော့ချေ။

အဆောက်အအုံ နံပါတ် ၁၄ ၏ အပေါ်ထပ် အိပ်ခန်းထဲမှ ပေါလ်သည် မွေ့ရာထက်တွင် ခြေကားရားလက်ကားရားဖြင့် အိပ်ပျော်နေ၏။ အချိန်အားဖြင့် နေမွန်းတည့်ချိန်သို့ပင် ရောက်ရှိနေလေပြီ။

ပေါလ်သည် အအိပ်ကြီးသူဖြစ်သည်။ နေ့ညမဟူ အချိန်အခါမရွေး အိပ်တတ်သူဖြစ်သည်။ ထိုနည်းတူ အိပ်ချိန်ပင်ဖြစ်သော်လည်း မအိပ်ဘဲနှင့် နေနိုင်သူဖြစ်သည်။

နောက်ထပ်တစ်နာရီမျှ ဆက်လက် အိပ်မောကျပြီးသောအခါတွင် နိုးလာသည်။

ရေချိုးခန်းထဲတွင် ရေပန်းရေမွှားများအောက်၌ စိမ်၍ ချိုးသည်။ ရေပန်းတို့က အေးမြသော ရေခဲအချွန်လေးဖြင့်ထိုးသည့်ပမာ သူ၏ကြွက်သားများကို စူးဝင်နေသည်ဟုထင်ရသည်။

ရေပန်းအောက်မှထွက်လိုက်ပြီးနောက် ကိုယ်သုတ်ပဝါကြီးဖြင့် ခန္ဓာကိုယ်တစ်ခုလုံးပွတ်တိုက်နေသည်။

ထိုအခိုက်အတန့်တွင် ပေါလ်က လီဆာနှင့်ပတ်သက်၍ လွန်ခဲ့သောညက

mgyoe.com

mgyoe.com


စိတ်လှုပ်ရှားဖွယ်ပြသမှုများကို ပြန်လည်တွေးလိုက်မိသည်။ လီဆာသည် မျက်နှာနှင့် ကိုယ်လုံးသာမက သရုပ်ဆောင်မှုတွင်လည်း စိတ်ဓာတ်ဆွဲဆောင်နိုင်သူတစ်ယောက်ဖြစ်ကြောင်း ကောက်ချက်ချနိုင်ခဲ့သည်။

ပေါလ်က မျက်နှာသုတ်ပဝါကြီးကို ရေချိုးခန်းထဲတွင် ပစ်ချခဲ့ပြီး အိပ်ခန်းသို့ ပြန်ဝင်ခဲ့လေသည်။ နာရီကိုတစ်ချက်ကြည့်၍ အဝတ်အစားများကို ဝတ်ဆင်သည်။

ပေါလ်သည် လှေကားကြီးမှဆင်း၍ ထမင်းစားခန်းနှင့် ဆက်လျက်တည်ရှိသော မီးဖိုခန်းသို့ ဝင်လိုက်သည်။

တစ်စုံတစ်ယောက်မျှမတွေ့ရ။

ထို့ကြောင့် မီးဖိုခန်းပြတင်းမှတစ်ဆင့် အပြင်ဘက်ပန်းဥယျာဉ်ထဲသို့ လှမ်းကြည့်လိုက်သည်။

ပန်းဥယျာဉ်ထဲတွင် နေရောင်ခြည်နှင့် အရိပ်များ ကျရောက်နေသည်။

သာယာသော ရှုခင်းတစ်ခုပမာဖြစ်နေသည်။

ဂျနီဖာနှင့်လီဆာကို နှစ်ယောက်တွဲလျက်သား တွေ့ရသည်။ လီဆာက စာအုပ်တစ်အုပ်ကို ကိုင်ထားသည်။ မြက်ခြောက်ဖြင့် ပြုလုပ်ထားသော ဦးထုပ်ကြီးကို ဆောင်းထားသည်။

မျက်မှန်နက်ကြီးကို တပ်ထားသည်။ ထို့ကြောင့် သူမ၏မျက်နှာတစ်ဝက်ကိုသာ တွေ့ရသည်။

ပေါလ်က မီးဖိုပေါ်သို့ ကြည့်လိုက်သည်။ မီးဖိုပေါ်တွင် အိုးတစ်လုံးကို တွေ့ရသည်။ မီးဖိုမှ မီးတောက်မီးစွယ်များက သတ္တုအိုး၏အောက်ဘက်ကို ထိကပ်လှုပ်ရှားနေကြသည်။

အိုးထဲတွင် တရှဲရှဲမြည်သံကြားနေရသည်။ အိုး၏အဖုံးပေါ်သို့ အငွေ့များလွင့်ပျံတက်နေကြသည်။ ကြည့်နေရင်းမှပင် အငွေ့များက ပိုမိုများပြားလာသည်။

ထို့ကြောင့် ပေါလ်က ပြတင်းပေါက်ကို ဖွင့်၍ ဂျနီဖာအား လှမ်းအော်ခေါ်လိုက်သည်။

ပန်းဥယျာဉ်တွင်းမှ အမျိုးသမီးနှစ်ဦးက အလန့်တကြား လှည့်ကြည့်ကြသည်။ မီးဖိုခန်းပြတင်းမှ အခိုးအငွေ့များပင် အပြင်ဘက်သို့ တိုးထွက်လိုက်ကြသည်။

မီးဖိုခန်းပေါက်ဝမှ ပေါလ်က ခါးထောက်၍ အော်ပြောလိုက်သည်။

mgyoe.com

mgyoe.com


"ဘာတွေများ လောင်ကျွမ်းကုန်ပြီလဲ မသိဘူးဟေ့"

ဂျနီဖာသည် အပြေးအလွှားရောက်လာသည်။

"ချက်တဲ့ပြုတ်တဲ့ ကိစ္စလေးတစ်ခုတောင်မှ အဆင်ပြေပြေ မလုပ်နိုင်တော့ဘူးလား"

လီဆာသည် ဥယျာဉ်တွင်းမှ ခုံတန်းလျားပေါ်တွင် ထိုင်လျက် ကိုယ်ကို ရှေ့သို့ကိုင်းညွတ်၍ မီးဖိုခန်းဘက်သို့ လှမ်းကြည့်နေသည်။

ပေါလ်က အသံကုန်မြှင့်၍ ထပ်ပြောသည်။

"ဒီမိန်းမကို မင်းလက်ခံထားတာကို ငါဘာမှမပြောလိုဘူး။ ဒါပေမဲ့ ဒီမိန်းမရောက်ကတည်းက မင်းဦးနှောက်တွေဟာ ခေါင်းထဲက ပြန့်ကျဲထွက်သွားပြီ နားလည်လား"

ဂျနီဖာ၏ ပြန်လည်ချေပသံ။

ဆူဆူညံညံဖြစ်နေကြသည်။

ထိုအချိန်တွင် လီဆာသည် ပန်းခြံထဲတွင် ဆက်လက်ထိုင်ကာ မီးဖိုခန်းထဲ၌ ရင်ဖွင့်ပေါက်ကွဲမှုများကို နားထောင်နေသည်။

မကြာမီ သတ္တုအိုးများ၊ ကြွေအိုးများနှင့် ကိုင်ပေါက် လွှင့်ပစ်သံများ ပေါ်ထွက်လာသည်။ ဂျနီဖာ၏ ဒေါသဒဏ်ကို ပန်းကန်အိုးခွက်များက ခံလိုက်ရခြင်းဖြစ်သည်။

"ကောင်းပြီ...တော်ပြီ။ မင်း ဒီကောင်မထိရင် ဒီလောက်တောင် ဆတ်ဆတ်ခါ နာနေရတာ ဘာသဘောလဲ။ ထပ်ပြီး မဖျက်ဆီးနဲ့တော့"

"ဒီကိစ္စဟာ လီဆာနဲ့ ဘာမှမဆိုင်ဘူး။ လီဆာကို ထည့်ပြောစရာ လုံးဝမလိုဘူး"

"မလိုဘူး ဟုတ်လား။ သိပ်လိုတာပေါ့။ ဒီမိန်းမ မရောက်ခင်က တို့နှစ်ယောက် အခုလို ပြဿနာ ဖြစ်ခဲ့ဖူးလို့လား။ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ချစ်ခဲ့ကြသလဲ။ စကားများစရာအကြောင်းတောင် မရှိဘူး။ အခု သူရောက်လာမှ ဒီလို စိတ်မကောင်းစရာတွေ ဖြစ်လာရတာ"

"ပေါလ်...ကျေးဇူးပြုပြီး ရှင့်အသံကို နှိမ့်လိုက်စမ်းပါ"

"ဘာဖြစ်လို့ တိုးတိုးပြောရမှာလဲ။ သူကြားစေချင်လို့ တမင်တကာ အော်ပြောနေတာ နားလည်လား။ ဒါမှ သူ ဒီမှာမနေသင့်ဘူးဆိုတဲ့ အတွေးပေါက်မှာ"

mgyoe.com

mgyoe.com

"ရှင်ဟာ တကယ့်ကို ရက်စက်ကြမ်းကြုတ်တဲ့ လူပဲ"

"မင်းကရော အင်မတန် မိုက်မဲတဲ့ အရူးပဲ"

"ရှင်. . . လူယုတ်မာ"

စကားအဆုံးတွင် ဖြန်းခနဲ ပါးရိုက်သံကို ဂျနီဖာ၏ စူးစူးဝါးဝါး အော်သံနှင့်အတူ ပန်းဥယျာဉ်ထဲမှ လီဆာ ကြားလိုက်ရသည်။

ထို့နောက် ဂျနီဖာ၏ အော်ဟစ်ငိုယိုသံကိုလည်း ဆက်လက်ကြားရသည်။

လီဆာက မီးဖိုခန်းတံခါးဝသို့ ရောက်လာလေသည်။

လီဆာ၏မျက်နှာကြီး တင်းမာနေသည်။ အောက်နှုတ်ခမ်းကို ကိုက်ထားသည်။ သူမသည် အေးတိအေးစက် မျက်လုံးကြီးများဖြင့် ပေါလ်အား စူးစူးရဲရဲ ကြည့်လိုက်သည်။

"ရှင်. . . ကျွန်မ ကြားစေချင်လို့ တမင်ပြောတာဆိုရင် ဂျနီဖာနဲ့ ဘာမှ မဆိုင်ဘူး။ ကျွန်မနဲ့ မျက်နှာချင်းဆိုင် တိုက်ရိုက်ပြောရအောင်။ ကဲ. . . ပြောစမ်း၊ ရှင် ကျွန်မကို ဘာပြောချင်သလဲ"

လီဆာက ခါးထောက်၍ မေးလိုက်သည်။

"ဪ. . . မင်းရောက်လာမှကိုး ပိုပြီးပြောလို့ကောင်းတာပေါ့ကွာ။ မင်းက တို့အိမ်ထောင်ရေးမှာ အနှောင့်အယှက်ပေးတဲ့ မိန်းမပဲ"

"ဒါဆို ကျွန်မနားလည်ပြီ။ ရှင်ဘာတစ်ခွန်းမှ ထပ်မပြောနဲ့တော့။ ကျွန်မ ဒီအိမ်က ထွက်သွားဖို့ အသင့်ပဲ။ ဒါပေမဲ့ ကျွန်မ မသွားခင် ရှင့်ကို တစ်ခုသတိပေးခဲ့မယ် မစ္စတာမောင်ဂိုမာရီ"

ပေါလ်၏လက်ထဲတွင် လိမ်ညှစ်ထားသော ရေစိုမျက်နှာသုတ်ပဝါ တစ်ခု ရှိသည်။ ပေါလ်က ထိုမျက်နှာသုတ်ပဝါဖြင့် စားပွဲကို ရိုက်ထည့်လိုက်သည်။စောစောက ဥယျာဉ်ထဲမှ လီဆာ ကြားလိုက်ရသော ပါးရိုက်သံမျိုး ထပ်တူထပ်မျှ ထွက်ပေါ်လာသည်။

ဂျနီဖာက ပြုံးလျက် 'အား' ခနဲ စူးစူးဝါးဝါး အော်ဟစ်လိုက်သည်။

လီဆာ၏မျက်လုံးအစုံက ပြူးစက်ဝိုင်းကျယ်သွားသည်။

စောစောက လီဆာကြားခဲ့သောအသံမှာ လုပ်ကြံဖန်တီးချက်သက်သက်မျှသာဖြစ်ကြောင်း သိလိုက်ရသည်။ ပေါလ်နှင့်ဂျနီဖာ နှစ်ယောက်စလုံး လီဆာအား ပြုံးကြည့်နေကြသည်။

mgyoe.com

mgyoe.com

"ဩော်. . . လက်စသတ်တော့ ဒီလိုကိုး"

လီဆာ၏မျက်နှာပေါ်တွင် ဒေါသရိပ်များ ပျောက်ကွယ်သွားသည်။ ပြီး အူလှိုက်သည်းလှိုက် ရယ်မောနေလေသည်။

နောက်ထပ်တစ်ကြိမ် ပေါလ်က ရေစိုမျက်နှာသုတ်ပဝါဖြင့် စားပွဲကို ဖြန်းခနဲ ရိုက်ပြန်သည်။ ဂျနီဖာက အားခနဲ စူးရှကျယ်လောင်စွာအော်သည်။ ရယ်သံများ ထပ်မံဖြစ်ပေါ်လာကြသည်။

သုံးယောက်သား အတော်မသတ်ရယ်နေကြသည်။

အရယ်ရပ်၍ စကားစတင်ပြောသူက ဂျနီဖာ။

"ဒါ. . . ပေါလ်ရဲ့အကြံပေါ့။ သူစီစဉ်တဲ့အတိုင်း တို့က သရုပ်ဆောင်ရတာ"

"ကျုပ်ကတော့ ဒီနေရာမှာ လူကြမ်းကြီးအဖြစ် အသံနဲ့ သရုပ်ဆောင်လိုက်တာ။ တကယ်ဖြစ်ပျက်နေတာလို့ ထင်မှထင်ပါ့မလားလို့။ အခု ကျုပ် ဖြစ်စေချင်သလို မင်းပါစိတ်လှုပ်ရှားခဲ့ရတယ် မဟုတ်လား"

ဂျနီဖာက လီဆာအားကြည့်၍ ပြောပြန်သည်။

"သူခြိမ်းခြောက်သလိုမျိုး တို့လည်းပင်းကိုသာလိမ်ချိုးခဲ့ရင် တို့ဘာမှတတ်နိုင်မှာမဟုတ်ဘူး။ သူ့လက်ကြီးတွေက အရမ်းသန်မာတာ"

ပေါလ်က ထပ်မံ၍ဝင်ရောက်ရှင်းပြသည်။

"မနေ့ညက သေနတ်တစ်လက်နဲ့ပြသွားတဲ့ မင်းရဲ့ပြကွက်ကို တို့တကယ်မှတ်ခဲ့ရတာ။ အခု တို့ပြကွက်ကိုလည်း မင်းတကယ်မှတ်သွားတဲ့အတွက် ကျေပြီပေါ့ကွာ"

လီဆာက လှပသောအပြုံးဖြင့် ပခုံးတွန့်ပြသည်။

"ဟုတ်ပါတယ်။ ရှင်တို့နှစ်ယောက် ပီပီပြင်ပြင်သရုပ်ဆောင်နိုင်ခဲ့တာကို ကျွန်မလက်ခံပါတယ်။ ဒါပေမဲ့ ကျွန်မပြကွက်ကို ပရိသတ်ကပိုပြီး သဘောကျမယ် ထင်တယ်လေ"

"ဟုတ်တာပေါ့။ တို့ပြကွက်က ပရိသတ်ရှေ့မှာပြလို့ သိပ်တော့ မကောင်းသေးဘူးပေါ့ကွာ။ ဒါပေမဲ့ နောက်ကို ဒါထက်ပိုပြီး ကောင်းတာတွေကို ငါစဉ်းစားလိုက်ရဦးမှာပါ"

"ဟုတ်ပြီ၊ ပြကွင်းပြကွက်တွေနဲ့ ဖန်တီးထားတဲ့ အိမ်ကြီးတစ်အိမ် သဘောမျိုးပေါ့လေ။ ကဲ. . . အခု အားလုံးအဆင်ပြေပြေဖြစ်သွားတဲ့အနေနဲ့ အဖျော်ယမ

mgyoe.com

mgyoe.com

ကာတစ်ခုခုနဲ့ အချင်းချင်းဂုဏ်ပြုဖို့တော့ ကောင်းနေပြီ”

လီဆာက ဖြည့်စွက်တောင်းဆိုလိုက်သည်။

“ကောင်းပါပြီ မဒမ်ဥယျာဉ်ထဲမှာ နေရာယူကြပါ။ ကျွန်တော်မျိုးကြီးက အကောင်းဆုံးယစ်ရွှေရည်အဖြစ် ရောစပ်ပြီး ဧည့်ခံပါ့မယ်”

* * *

mgyoe.com

mgyoe.com

## အခန်း [ ၇ ]

ဟင်းချက်စရာနှင့် အထွေထွေစားကုန်သောက်ကုန် ရောင်းချသော စတိုးဆိုင်ကြီးမှ နော်မန်ဆိုသော လူရွယ်ကလေးသည် အညိုရောင်တိုက်ကြီးရှေ့သို့ ရောက်လာသည်။

မီးဖိုခန်းတံခါးဝ အပြင်ဘက်မှ လေချွန်သံပေးလိုက်သည်။

ထိုလေချွန်သံသည် သူတစ်ဦးတစ်ယောက်တည်း မူပိုင်ဖြစ်နေသည့် ရှေးဟောင်း တေးသွားတစ်ပုဒ်ဖြစ်သည်။

ထိုလေချွန်သံကို ကြားရသူတိုင်း စတိုးဆိုင်မှမှာယူထားသော ပစ္စည်းထုပ်များကို နော်မန်လာပို့ခြင်းဖြစ်ကြောင်း သိနိုင်သည်။ နော်မန်မှလွဲ၍ အခြားမည်သူကမှ ထိုကဲ့သို့သော လေချွန်သံမျိုးကို ပြုလေ့ပြုထ မရှိချေ။

နော်မန်သည် ထက်ထက်မြက်မြက် မရှိချေ။ ဖြတ်ထိုးဉာဏ်မရှိ။ တွေး၍ စိတ်ကူးယဉ်တတ်သော သဘောတော့ရှိသည်။

ဤတိုက်ကြီးမှ မစ္စတာမောင်ဂိုမာရီ၏ဇနီးသည် မျှစ်စို့ပေါက်ကြီးပမာ ဆူဖြိုးဖွံ့ထွားသော အသားစိုင်များကို ပိုင်ဆိုင်သည်။ သူ တွေးရင်း ဆက်လက်၍ လေချွန်သံပေးနေသည်။

သူ့လက်ထဲတွင် ပစ္စည်းထုပ်များကို ကတ်ထူပုံးဖြင့် ထည့်ထားသည်။ ဟင်းချက်စရာ သားငါး၊ ဟင်းသီးဟင်းရွက်၊ ထောပတ်၊ ဒိန်ခဲ၊ ကြက်ဥ၊ ဟင်းရွက်ဆီ၊ သကြား၊ ကော်ဖီမှုန့် အစုံပါသည်။

နော်မန်က နောက်ဖေးတံခါးကို အသာတွန်းကြည့်လိုက်သည်။ တံခါးရွက်

mgyoe.com

mgyoe.com


က အတွင်းသို့ ပွင့်သွားသည်။

နော်မန်သည် မီးဖိုခန်းထဲသို့ ဝင်သည်။ သူ၏ပခုံးပေါ်တွင် ထမ်းထားသော စက္ကူဘူးကြီးကို မီးဖိုခန်းရှိစားပွဲပေါ်သို့ ချလိုက်သည်။ ထို့နောက် "ဟယ်လို။ ဘယ်သွားနေကြလဲ" ဟူ၍ အသံပေးလိုက်လေသည်။

နော်မန်သည် နောက်ဖေးခန်းမှတစ်ဆင့် အိမ်ကြီး၏အတွင်းသို့ တစ်လှမ်းချင်းဝင်လာခဲ့သည်။

အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ထို့ကြောင့် ပစ္စည်းများထားခဲ့၍ ထွက်သွားတော့မည်ဟု ဆုံးဖြတ်၍လှည့်ထွက်လိုက်သည်။ သို့ရာတွင်

သူ၏နောက်ဘက်မှ ခေါ်သံတစ်သံကို ကြားလိုက်ရသည်။

ထိုအသံသည် သူကြားနေကျ ဂျနီဖာ၏အသံမဟုတ်ချေ။ ဂျနီဖာအသံနှင့်လုံးဝမတူ၊ သူက ချာခနဲနောက်သို့ လှည့်ကြည့်သည်။

မည်သူမျှမရှိ။ မည်သူ့ကိုမျှမတွေ့။

"အိုး . . . နော်မန်"

အသံက ချွဲချွဲနွဲ့နွဲ့ခရာသံမျိုး၊ မည်သည့်နေရာမှ ထွက်ပေါ်လာမှန်း မသိရ။ နော်မန်၏ ကျောရိုးထဲမှ စိမ့်တက်လာသည်။ သူသည် တစ်ခန်းဝင် တစ်ခန်းထွက်လိုက်ရှာသည်။

အပေါ်ထပ်အခန်းများရှေ့ လူသွားစင်္ကြံကလေးမှ အရိပ်လိုလိုသဏ္ဌာန်ကို တွေ့ရသည်။ သို့ရာတွင် နော်မန်သည် အပေါ်ထပ်သို့တက်ရန် လှေကားကြီးရှိနေပါလျက်နှင့် မတက်ရဲချေ။

"အို . . . နော်မန်"

အသံက ထပ်မံ၍ ဆွဲဆွဲငင်ငင်ဖြစ်ပေါ်လာသည်။

နော်မန်က အပေါ်ထပ်သို့ လှမ်းကြည့်နေစဉ် အပေါ်ထပ် ဝရန်တာမှ အမျိုးသမီးဝတ် အသားကပ် နိုင်လွန်ခြေအိတ်ရှည်တစ်ဖက် လွင့်ကျလာသည်ကို မြင်လိုက်ရသည်။ နော်မန်က ထိုခြေအိတ်ကို သမံတလင်းပေါ်မကျမီ လေထဲတွင် မိအောင် လိုက်ဖမ်းထားလိုက်သည်။ သို့ရာတွင် မမိသဖြင့် ငုံ့၍ကောက်ယူလိုက်စဉ် . . .

အပေါ်ထပ်မှ ခိုးခိုးခစ်ခစ်ရယ်သံများကို ကြားလိုက်ရသည်။

အမျိုးသမီးနှစ်ဦးက နော်မန်အား သက်သက် နောက်ပြောင်ကျီစယ်နေခြင်း

mgyoe.com

mgyoe.com


ဖြစ်သည်။ သို့ရာတွင် ယခုထက်တိုင် အမျိုးသမီးနှစ်ယောက်စလုံးကို မတွေ့ရသေးချေ။

"နော်မန်. . . တို့အပေါ်ထပ်မှာကွ။ နော်မန်"

ထိုအသံက ဂျနီဖာ၏အသံဖြစ်ကြောင်း နော်မန်သိသည်။

နော်မန်သည် နိုင်လွန်ခြေအိတ်ကို လုံးထွေး၍ ကိုင်ထားသည်။ သူ့လက်ထဲတွင် နိုင်လွန်အသား၏ ထိတွေ့မှုက နူးညံ့ချောမွတ်နေသည်။

"နော်မန်. . . အပေါ်ထပ်ကို မတက်ခဲ့ဘူးလား။ တို့နှစ်ယောက်စောင့်နေရတာ စိတ်မရှည်တော့ပါဘူးကွယ်"

ဖိတ်ခေါ်သူဖြစ်သည်။

နော်မန်သည် လူရိုးကလေးတစ်ယောက်ဖြစ်သည်။ ဆန်းဆန်းပြားပြား အတွေ့အကြုံမရှိချေ။

"တက်လာခဲ့လေကွာ"

ဟူသော အသံကိုကြားရသောအခါ နော်မန် အူမြူးသွားသည်။ ခုန်ပေါက်ပြေးလွှားချင်စိတ်ပေါ်လာသည်။ သူက ထုံးစံအတိုင်း လေချွန်သံဖြင့် လှေကားအောက်ဆုံးထပ်သို့ လျှောက်ခဲ့သည်။ လှေကားထစ်ပေါ်သို့ မတက်မီ နော်မန်က စိုးရိမ်စိတ်ဖြင့် လက်ဆန့်ထားသော ရုပ်တုကြီးကို လှည့်ကြည့်မိသေးသည်။

"နော်မန်ဆိုတာ မင်းလား"

လှေကားထိပ်မှ အသံ။

နော်မန်က မော့ကြည့်လိုက်သည်။ ဂျနီဖာ မဟုတ်သော အခြားအမျိုးသမီးတစ်ယောက် ဖြစ်နေသည်။ ရွှေဝါရောင်ဆံပင်နှင့် လှပလွန်းသောကြောင့် နော်မန်အသက်ရှုမှားသွားသည်။ သူ၏ ဒူးဆစ်များ တဆတ်ဆတ် တုန်ယင်လာကြသည်။

ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ်လှပမှုမှာ သူ၏ ဖတ်ဖူးသော ဒဏ္ဍာရီပုံပြင်ထဲမှ နတ်မိမယ်တစ်ယောက်နှင့် အလားသဏ္ဌာန်တူနေသည်။ သူမသည် နော်မန်အား လှေကားထိပ်မှ အပြုံးဖြင့် ငုံ့ကြည့်နေသည်။

နော်မန် အာခြောက်လာသည်။

"တက်လာခဲ့လေကွာ၊ မင်းကို တို့ စကားပြောစရာရှိတယ်။ ငါ့ နာမည်က လီဆာ၊ မင်း စိတ်ဝင်စားစရာပြောပြမယ်။ လာ"

"ဘယ်လိုစိတ်ဝင်စားစရာမျိုးလဲ"

mgyoe.com

နော်မန်က လှေကားမှ မတက်သေးဘဲ လှမ်းမေးလိုက်သည်။ သူ၏ အသံက တုန်တုန်ယင်ယင်ဖြစ်နေသည်။

"အလွယ်တကူနဲ့ငွေရမယ့်ကိစ္စပေါ့ကွာ"

လီဆာ၏စကားကို ကြားလိုက်ရသောအခါ နော်မန်၏ နှုတ်ခမ်းမှ လေချွန်သံ ထွက်ပေါ်လာလေသည်။

* * *

mgyoe.com

mgyoe.com

# အခန်း [ ၈ ]

ပေါလ်သည် ဇွန်လ၏ နံနက်ခင်းတွင် ကလပ်သို့ ရောက်ရှိနေသည်။

တင်းနစ်ကစားပြီးသဖြင့် ဖန်ခွက်ရှည်မျှော့မျှော့ထဲမှ ယစ်ရွှေရည်ထဲသို့ ရေခဲတုံးကလေးများ ထည့်လိုက်သည်။ တစ်မြုံ့ချင်း စည်းစိမ်ခံ၍ သောက်သည်။ သူ့တွင် အပူအပင် ကြောင့်ကြစရာဘာမှမရှိ။

ကလပ်အပြင်တွင်ရပ်ထားသော ကြက်သွေးရောင် စပို့ကားပေါ်သို့ တက်ရောက် မောင်းထွက်လာခဲ့သည်။ ကားစက်သံက ကျယ်လောင်စွာ မြည်ဟိန်းလျက် အညိုရောင်ကျောက်သားစိုင်တို့ဖြင့် တည်ဆောက်ထားသော တိုက်ကြီးရှေ့တွင် ရပ်တန့်လိုက်သည်။

ပေါလ်ရောက်ရှိလာသော အချိန်မှာ နော်မန်လှေကားပေါ်သို့ တက်သွားပြီး နောက်မိနစ်နှစ်ဆယ်အကြာတွင်ဖြစ်သည်။

ပေါလ်က တပ်ဆင်ထားသော နေရောင်ကာ မျက်မှန်ကို ချွတ်လိုက်သည်။ ကားမောင်းလာစဉ် လေတိုးဝှေ့သဖြင့် လွင့်ပျံဖွာလန်နေသော ဆံပင်များကို လက်ဖဝါးဖြင့် တစ်ချက်သပ်လိုက်သည်။

ထို့နောက် ကားပေါ်မှဆင်း၍ အိမ်ရှေ့ တံခါးမကြီးရှိရာသို့ လျှောက်လာခဲ့သည်။

ပေါလ်သည် တံခါးမကြီးကို ဖွင့်လိုက်သည်။ ထို့နောက် ပလတ်စတာရုပ်တုကြီး၏ ဆန့်တန်းထားသော လက်ကိုကိုင်၍ "နေကောင်းရဲ့လား"ဟု လေသံဖြင့် နှုတ်ဆက်သည်။

mgyoe.com

ပြီး ဧည့်ခန်းမကြီးထဲတွင် လျှောက်သွားသည်။

"ဂျနီဖာ"

သူ၏အသံက ပဲ့တင်ထပ်သွားသည်။ သူသည် ဇဝေဇဝါဖြင့် ဧည့်ခန်းထဲမှ မီးဖိုခန်းသို့ ကူးခဲ့ရင်း ထပ်မံခေါ်လိုက်ပြန်သည်။

"ဂျနီဖာ"

ထူးသံ ပေါ်မလာသဖြင့် ပေါလ်က လီဆာ၏အခန်းရှိရာသို့ လျှောက်သွားသည်။

"လီဆာ. . . ဂျနီဖာ မင်း အခန်းထဲမှာလား"

တံခါးခေါက်၍ မေးသည်။

အတွင်း၌ လုံးဝတိတ်ဆိတ်နေသည်။

ပေါလ်က လှေကားမှတက်ရန် ခြေလှမ်းပြင်လိုက်စဉ်. . .

သူ၏ မျက်စိထဲတွင် တွေ့နေကျမဟုတ်သော ပစ္စည်းတစ်ခုထံသို့ အကြည့်ရောက်သွားသည်။ လှေကားထစ်ပေါ်တွင် တွေ့ရသည်။

အပြာရောင် ဂျာကင်ဖြစ်သည်။

ထိုကဲ့သို့သော အပေါ်စားဂျာကင်မျိုးကို ပေါလ်အနေနှင့် တစ်ခါမှ မဝတ်ဖူးပေ။

သို့ရာတွင်. . .

တစ်စုံတစ်ယောက် ဝတ်လေ့ဝတ်ထရှိသည်ကို မြင်ဖူးသလိုလိုရှိသည်။ ထိုသူ မည်သူဖြစ်ကြောင်းကိုမူ ရုတ်တရက် အစဖော်၍ မရ။

ပေါလ်က ဂျာကင်ကို ကောက်ယူ၍ကြည့်ပြီးနောက် ပြန်လည်ပစ်ချလိုက်သည်။ ထို့နောက် လှေကားကို နှစ်ထစ်ကျော်ခုန်တက်ခဲ့သည်။

လှေကားထိပ်သို့အရောက် အသံပေးလိုက်သေးသည်။

"ဂျနီဖာ. . . လီဆာ မင်းတို့ ဘယ်အခန်းမှာလဲဟေ့"

ဖြေသံမကြားရ။

သူသည် လှေကားထိပ်အောက်ထပ်သို့ ပြန်ကြည့်လိုက်သေးသည်။ အရိပ်အယောင်မျှ မတွေ့ရ။

ထိုအခိုက်အတန့်တွင်. . .

ပေါလ်၏ ဖျတ်လတ်၍အကင်းပါးသော နားထဲသို့ ကျိတ်၍ရယ်မောသံ

mgyoe.com